မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၁၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကလေးငယ်များအား ကာကွယ်ဆေးဖြင့် ရောဂါ(၇)မျိုးမှ ကင်းဝေးအောင်ဆောင်ရွက်နိုင်ခဲ့
ပိုလီယိုအကြောသေရောဂါကို ဦးစားပေး ကူးစက်ရောဂါတစ်ခုအဖြစ် ကာကွယ်နှိမ်နင်းလျက်ရှိ
အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁)ကို တစ်နိုင်ငံလုံး လွှမ်းခြုံမှုရရှိအောင် ဆောင်ရွက်သွားမည်

နေပြည်တော် မေ ၄

မြန်မာနိုင်ငံရှိ ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါ(၇)မျိုးမှ ကင်းဝေးစေရေးအတွက် နှစ်စဉ် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်တကွ နီးနွယ်နေသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်မှုကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် နှစ်စဉ်ကာကွယ်ဆေးထိုးလွှမ်းခြုံမှုများ မြင့်မြင့်မားမား ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါ(၇)မျိုးမှ ကင်းဝေးအောင်ဆောင်ရွက်ခဲ့ရာတွင် ပိုလီယိုအကြောသေရောဂါကို ဦးစားပေး ကူးစက်ရောဂါတစ်ခုအဖြစ် သတ်မှတ်၍ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအတွက် အလှပြ၊ အက တေးဂီတယာဉ်ဖြင့် မန္တလေးခုနစ်မြို့နယ်သို့ လှည့်လည်သတိပေး လှုံ့ဆော်ဖျော်ဖြေစဉ်။

(၆၅)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသတင်းမှတ်စု

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး
အကအလှ၊ တေးဂီတဖြင့် မန္တလေး၌ အသိပေးဖျော်ဖြေ

မန္တလေး မေ ၄

သတင်းမှတ်စုနှင့်ဓာတ်ပုံ
ထွဏ်းလှအောင် (မန္တလေး)

မေ ၅ ရက် **(ယနေ့)**သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ (၆၅)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ မီးသတ်တပ်ဖွဲ့၏ ပြည်သူအပေါ် ထားရှိသော စေတနာ၊ မီးသတ်တပ်ဖွဲ့၏ ပြည်သူအပေါ်ထားရှိသည့် ခံယူချက်၊ မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းအရပ်ရပ်တို့ကို ပြည်သူများ သိရှိနိုင်ရန် မီဒီယာများကတစ်ဆင့် နည်းလမ်းအဖုံဖုံဖြင့် တင်ပြခဲ့ရာမှ မေ ၂ ရက်က မန္တလေးမြို့တွင် ပြည်သူအများ စိတ်ဝင်စားမည့် တင်ဆက်မှုတစ်မျိုးဖြင့် မီးဘေးအန္တရာယ်အကြောင်းကို ပြည်သူများထံ အသိပေးတင်ဆက်ခဲ့သည်။

၎င်းသည်ကား မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် စည်းရုံးလှုံ့ဆော်ရေးအလှပြ၊ အက တေးဂီတယာဉ်ဖြင့် မန္တလေးခုနစ်မြို့နယ်သို့ လှည့်လည်ဧည့်ခံ ဖျော်ဖြေခြင်းပင်ဖြစ်သည်။ အဆိုပါယာဉ် အလှပြဖျော်ဖြေရေးယာဉ်ဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး အသိပေးခြင်း အခမ်းအနားဖွင့်ပွဲကို မေ ၂ ရက် ညနေ ၆ နာရီက ၂၉ လမ်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးရှေ့၌ ကျင်းပခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၅ ●

မှတ်သားဖွယ် မိုးရေချိန်

၄-၅-၂၀၁၁

တကောင်းမြို့	၃ ဒသမ ၃၅ လက်မ
ဖြူးမြို့	၁ ဒသမ ၈၁ လက်မ
မိုးကုတ်မြို့	၁ ဒသမ ၇၇ လက်မ
ပင်လောင်းမြို့	၁ ဒသမ ၆၉ လက်မ
သပိတ်ကျင်းမြို့	၁ ဒသမ ၅၆ လက်မ
ကန့်ဘလူမြို့	၁ ဒသမ ၀၂ လက်မ

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

အာကာသအတွင်းရှိနေသည့် ယာဉ်မှူး မိခင်ဈာပနနှင့် လွဲချော်။ (စာ - ၅)

ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ ဘာစီလိုနာတက်ပြီ။ (စာ - ၁၀)

ချိန် ၁၂ မဲ့ မိုး ရွာသွန်းဖြိုး။ (စာ - ၂၀)

မီးလောင်မှုဖြစ်ပွားစဉ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ ဆောင်ရွက်မှုအကြောင်း သိကောင်းစရာ သတင်းဆောင်းပါး။ (စာ - ၇)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၅ ရက်)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြည်သူများ ဝိုင်းဝန်းလက်တွဲပါဝင်

ယနေ့ မေလ ၅ ရက်နေ့သည် (၆၅)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ဖြစ်သည်။ ၁၉၄၆ ခုနှစ်တွင် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် (၆၅)နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ခြင်းလုပ်ငန်း တစ်ခုတည်းသာမဟုတ် သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါကလည်း ဒုက္ခရောက်နေသော ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ မီးသတ်တပ်ဖွဲ့ဝင်များသည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပီပီပြင်ပြင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး စည်းကမ်းသေဝပ်မှု၊ အမိန့်နာခံတတ်မှု၊ ရိုးသားတက်ကြွမှု၊ တစ်ဦးချင်းနှင့် အဖွဲ့လိုက်ပါ တညီတညွတ်တည်း လှုပ်ရှားဆောင်ရွက်နိုင်မှု စသောအရည်အသွေးများနှင့် ပြည့်ဝလျက်ရှိသည်။

နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည်လည်း မီးငြိမ်းသတ်ရေးတွင် ခေတ်မီကိရိယာများကို အသုံးပြုလာနိုင်ပြီဖြစ်သည်။ **GPS** နှင့် **Vehicle Tracking System** များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် တပ်ဆင်အသုံးပြုနေပြီဖြစ်သည်။ ၎င်းစနစ်ကို အသုံးပြုခြင်းဖြင့် မီးလောင်မှုသတင်းရရှိသည်နှင့် ချက်ချင်းအကူယာဉ်များ မီးလောင်ပြင်သို့ ထွက်ခွာရာ လမ်းကြောင်းကို ချက်ချင်းသိနိုင်ခြင်း၊ အမြန်သွားရောက်နိုင်ခြင်း၊ စခန်းအသီးသီး သတ်မှတ်ယာဉ်အုပ်စုအလိုက် မီးလောင်ပြင်သို့ ထွက်ခွာရာလမ်းကြောင်း သိရှိခြင်း၊ မီးလောင်ပြင်ပတ်ဝန်းကျင်ရှိ ရေရရှိမည့်နေရာများ၊ ရဲစခန်း၊ ဆေးရုံ၊ လျှပ်စစ်ဌာန စသည့် ဆက်စပ်နေရာများကို သိရှိခြင်း စသည်တို့ကြောင့် မီးငြိမ်းသတ်မှု ပိုမိုထိရောက် မြန်ဆန်လာနိုင်ပြီး မီးလောင်ပြင်ရှိ မီးသတ်ယာဉ်အုပ်စုများကို အလွယ်တကူ တွေ့မြင် ကွပ်ကဲထိန်းချုပ်နိုင်ခြင်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ယခုအခါ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနစိတ်ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိသည်။ နိုင်ငံတကာမီးသတ်နည်းပညာများ လေ့လာဖော်ထုတ်၍ နိုင်ငံတကာအဆင့်မီ မီးသတ်တပ်ဖွဲ့ဖြစ်ရန် ရည်ရွယ်ပြီး နိုင်ငံတကာအဆင့်မီ၊ ခေတ်မီမီးငြိမ်းသတ်ရေးစနစ်ဖြင့် အစားထိုးဖြည့်ဆည်းရန်ဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မြန်သုံးမြန်နည်းစနစ်ဖြင့် မီးလောင်မှုကို အမြန်သိရန်ဆောင်ရွက်ခြင်း၊ မီးလောင်သည့်နေရာသို့ အမြန်သွားခြင်းနှင့် အမြန်မီးငြိမ်းရန် မီးငြိမ်းသတ်ခြင်းတို့ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်သူများ၏ အသက်အိုးအိမ်လုံခြုံရေးအတွက် မီးဘေးကာကွယ်ရေး ကြိုတင်သတိပေးမှုများ၊ အသိပညာပေးမှုများ၊ စစ်ဆေးကြပ်မတ်မှုများကို အချိန်နှင့်အမျှ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူတစ်ဦးချင်းစီကလည်း ကြိုတင်သတိပေးမှုများ၊ အသိပညာပေးမှုများကို အလေးထားလိုက်နာဆောင်ရွက်သွားကြပါက မြို့ရွာတစ်ခွင် အေးချမ်းသာယာ လှပတိုးတက် စည်ပင်သာယာနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောင်းပညာရေးလုပ်ငန်းများအကောင်အထည်ဖော်

ကျောင်းသားမိဘ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များပူးပေါင်း

နေပြည်တော် မေ ၄

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် မေ ၃ ရက် နံနက်ပိုင်းက ထားဝယ်မြို့နယ် တလိုင်းတောင်ကျေးရွာ အခြေခံပညာမူလတန်း(မူလွန်)ကျောင်း၊ ကရပ်ပြင်(မြောက်)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းနှင့် ကျွန်းမွေးရပ်ရှိ အခြေခံပညာမူလတန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ အခြေခံပညာကျောင်းများကို ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းသန့်ရှင်းသာယာလှပရေး၊ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနိုင်ရေး၊ မူလတန်းအဆင့်ပညာသင်ယူပြီးမြောက်သည့် ကျောင်းသားကျောင်းသူများ အခြေခံပညာအလယ်တန်းအဆင့်တွင် ရာနှုန်းပြည့်ဆက်လက်ပညာ သင်ယူနိုင်ရေး၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ဆောင်ရွက်မည့် ကျောင်းသား ကျောင်းသူများ၏ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့နယ်ပြည်သူ့ဆေးရုံ အဆောက်အအုံသစ် ဟိုပန်မြို့နယ်၌ ဆောက်လုပ်လျက်ရှိ

ဟိုပန် မေ ၄

ဟိုပန်မြို့နယ်၌ မြို့နယ်ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်ကို တည်ဆောက်လျက်ရှိရာ ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ၊ အဖွဲ့ဝင် ဗိုလ်မှူး သူရိန်ဝင်း၊ ဦးစိုင်းလုဖေ၊ ဦးသန်းလွင်နှင့် ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးသန်းထွန်းဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ဧပြီ ၇ ရက် နံနက် ၉ နာရီတွင် ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိစစ်ဆေးပြီး ဆေးရုံရှိ သွားနှင့်ခံတွင်းဌာန၊ ဓာတ်မှန်ဌာန၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဆေးရုံ၌တက်ရောက်ဆေးကုသနေသည့် လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။ ဆက်လက်ပြီးဆေးရုံအစည်းအဝေးခန်းမ၌ ကျန်းမာရေး ဝန်ထမ်းများနှင့်ရင်းနှီးစွာတွေ့ဆုံပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်ဦးက ဟိုပန်မြို့နယ်ပြည်သူ့ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် လိုအပ်သည့်ဆေးရုံသုံး ပစ္စည်းများတင်ပြရာ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံလိုအပ်ချက်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဧည့်ရိပ်သာ အဆောက်အအုံပြုပြင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းငွေ ဦးဆောင်မှုဖြင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်းကာ ဧပြီ ၂၇ ရက်က ရေမြောင်းများ၊ ချုံနွယ်များကို ရှင်းလင်းကြစဉ်။ (ဝ၄၈)

ကမ္ဘာ့တီရစ္ဆာန်ဆေးကုနေ့ အခမ်းအနား သံဖြူဇရပ်မြို့တွင် ကျင်းပ

သံဖြူဇရပ် မေ ၄

ကမ္ဘာ့တီရစ္ဆာန်ဆေးကုနေ့အထိမ်းအမှတ် အခမ်းအနားကို မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးညွန့်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာခင်မောင်သန်းက တိရစ္ဆာန်များတွင်ဖြစ်တတ်သောရောဂါများမှတစ်ဆင့် လူသို့ကူးစက်ခြင်းကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူး ဒေါက်တာသန်းသန်းရီက ဝက်နားရွက်ပြာရောဂါအကြောင်းနှင့် မော်လမြိုင်မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းခိုင်က ခွေးရူးရောဂါအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ကာကွယ်ဆေးထိုး

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်ငွေနှင့် ဝန်ထမ်းများက ဒုတိယအကြိမ်မြောက် ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အိမ်မွေးခွေးကောင်ရေ ၄၈ ကောင်အား ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖွင့်လှစ်ပေး

ပြန်ကြားရေး ဝန်ကြီးဌာန နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်းနှင့် ဆူးလေဘုရားလမ်း လမ်းလယ်ကျွန်းစကြံရှိ မီဒီယာကော်နာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်ကြစဉ်နှင့် တာဝန်ရှိသူများက မီဒီယာကော်နာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ မီဒီယာကော်နာဖွင့်ပွဲကျင်းပ

တိုင်းပြည်နှင့် လူမျိုးအတွက်၊ စာပေလောကသားများအတွက်၊ ပြည်သူများအတွက် အကျိုးကျေးဇူးကြီးမားသည့် မီဒီယာလုပ်ငန်းတစ်ခုဖြစ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ စာအုပ်၊ စာစောင်များ၊ အိုင်တီပစ္စည်းများနှင့်စာရေးကိရိယာများရောင်းချပေးသွားမည်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ မီဒီယာကော်နာစီမံကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် မီဒီယာကော်နာဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလလမ်းနှင့် ဆူးလေဘုရားလမ်း လမ်းလယ်ကျွန်းစကြံရှိ မီဒီယာကော်နာ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မီဒီယာကော်နာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် အဖွဲ့ဝင်များနှင့်အတူ မီဒီယာကော်နာအတွင်း သတင်းစာ၊ စာအုပ်၊ စာစောင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် စာရေးကိရိယာများ ခင်းကျင်းပြသ ရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ မီဒီယာကော်နာနှင့် လသာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ မီဒီယာကော်နာတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပိုမိုမြင့်မား

ထို့နောက် မီဒီယာကော်နာများ ဖွင့်ပွဲအစီအစဉ်ကို စာပေဗိမာန် အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယနေ့မီဒီယာကော်နာများ ဖွင့်လှစ်နိုင်ခြင်းသည် တိုင်းပြည်နှင့်လူမျိုးအတွက်၊ စာပေလောကသားများအတွက်၊ ပြည်သူများအတွက် အကျိုးကျေးဇူးကြီးမားသည့် မီဒီယာလုပ်ငန်းတစ်ခုကို အောင်မြင်စွာ စတင်နိုင်ခြင်းပင် ဖြစ်ကြောင်း၊ ယခုကဲ့သို့ မီဒီယာကော်နာများ ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ပြည်သူများ စာဖတ်သည့်အလေ့အထ ပိုမို များပြားပွင့်လန်းလာပြီး အသိဉာဏ်၊ အတွေးအခေါ်၊ ဗဟုသုတများ ပိုမို မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း။

ယနေ့သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာအရာတွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်မှသာ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းများရရှိလာမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ဦးဆောင်မှုဖြင့် ရန်ကုန်မြို့၌ မီဒီယာကော်နာများကို စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးအနေဖြင့် သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခြင်းပင်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

မီဒီယာကော်နာများကို ဖွင့်လှစ်ရောင်းချသူ၊ ကြီးကြပ်သူနှင့် ဝယ်ယူဖတ်ရှုသူ ပြည်သူများအားလုံးက မီဒီယာကော်နာများ၏ သန့်ရှင်းရေး၊ စည်းကမ်းစနစ်တကျရှိရေး၊ အဘက်ဘက်မှ ပြည့်စုံကောင်းမွန်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ မီဒီယာကော်နာအတွင်း သတင်းစာ၊ စာအုပ်၊ စာစောင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် စာရေးကိရိယာများ ခင်းကျင်းပြသရောင်းချနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဝိုင်းဝန်းကြိုးပမ်း

ဆက်လက်၍လည်း မီဒီယာကော်နာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ပါ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းစီစဉ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဖွင့်လှစ်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်လူထုအတွက်သာမက လူများစုဖြစ်သည့် ကျေးလက်ပြည်သူများ စာအုပ်၊ စာစောင်မျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုနိုင်အောင်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသည့် ကမ္ဘာ့နိုင်ငံအသီးသီး၌ Printed Media များနှင့် စပ်လျဉ်း၍ ၄င်းတို့၏ အမျိုးသားအကျိုးစီးပွားကို အခြေခံကာ ထိန်းကျောင်း ဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့နိုင်ငံ၌လည်း Printed Media နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ခွင့်များရှိမှာ ဖြစ်ပြီး Printed Media လောကသားများကလည်း တာဝန်သိမှု၊ တာဝန်ယူမှုများရှိလာရမည်ဖြစ်ကြောင်း၊ အရေးအကြီးဆုံးမှာ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး အတွင်းရေးမှူးနှင့် မီဒီယာကော်နာ စီမံကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က မီဒီယာကော်နာများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ပြန်လည်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအတွက် ဦးမောင်မျိုးနှင့်ဒေါ်လီလီလှ (ကြောင်နှစ်ကောင်စာပေမိသားစု)က ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ စာအုပ် အုပ်ရေ ၅၀၀၀၊ ရုပ်ရှင်သရုပ်ဆောင် ရန်ကျော်နှင့် မေခလာတို့က အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မီဒီယာကော်နာများကို ရန်ကုန်မြို့အတွင်းရှိ ပုဇွန်တောင်မြို့နယ်တွင် ခုနစ်နေရာ၊ ဗိုလ်တထောင်မြို့နယ်တွင် ခုနစ်နေရာ၊ ကျောက်တံတားမြို့နယ်တွင် ငါးနေရာ၊ ပန်းဘဲတန်းမြို့နယ်တွင် နှစ်နေရာ၊ လသာမြို့နယ်တွင် သုံးနေရာနှင့် လမ်းမတော် မြို့နယ်တွင် ငါးနေရာ စုစုပေါင်း မီဒီယာကော်နာ ၂၉ နေရာ ဖွင့်လှစ်ရန် သတ်မှတ်စီစဉ်ထားပြီး သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၊ စာအုပ်၊ စာစောင်များ၊ အိုင်တီပစ္စည်းများနှင့် စာရေးကိရိယာများကို ရောင်းချပေးသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Central China Power Grid International Economic & Trade Co.,Ltd. ဥက္ကဋ္ဌ Mr.Yuan Xi Zhong နှင့် အဖွဲ့သည် မေ ၃ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းကိစ္စရပ်များ၊ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ယနေ့ မေ ၄ ရက် နံနက် ၁၀ နာရီခွဲခန့်အထိ နေသာပြီး အပူဒဏ်ခံစားနေရရာမှ နံနက် ၁၁ နာရီခန့်တွင် ချိန်ခါမဲ့မိုးများ တစ်နာရီခန့် အဆက်မပြတ် ရွာသွန်းခဲ့သည်။ မိုးရွာသွန်းမှုကြောင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့်၌ နွေကာလဖြစ်သော်လည်း မိုးတွင်းပမာ ကားလမ်းပေါ်၌ ရေကြီးကာ ယာဉ်များ၊ လူများ သွားလာမှုခက်ခဲကြရသည့် မြင်ကွင်းကို မှတ်တမ်းတင်ဖော်ပြလိုက်ရပါသည်။ **(ကိုကြီးသာ)**

* *ကျောဖုံးမှ*

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မေ ၅ ရက် ညနေအထိခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

Naypyitaw Expo 2011 တွင် ပါဝင်ပြသမည်

နေပြည်တော် မေ ၄

နေပြည်တော်တွင် မေ ၅ ရက်မှ ၈ ရက်အထိ ပထမဆုံးအကြိမ် ကျင်းပမည့် Naypyitaw Expo 2011 တွင် Golden Palace Enterprises Limited မှ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ချိသော ပုဆိန်တံဆိပ်လေဆေးဆီ ပါဝင်ပြသ ရောင်းချမည်ဖြစ်သည်။

ထိရောက်

မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ခရီးပန်း မူးမော်အော့အန်ခြင်း၊ အအေးမိနှာစေးခြင်း၊ ဗိုက်ရစ်အော့အန်ခြင်း၊ အရိုး၊ အကြော၊ အဆစ်အမျက်ကိုက်ခဲခြင်း၊ ပိုးမွှားကိုက်ခြင်း၊ ခြင်ကိုက်ခြင်းတို့အတွက် လိမ်းလျှင်လိမ်း၊ ရှူလျှင်ရှူ သုံးစွဲနိုင်သည်။ ဆေးအရည် ဖြစ်သည့်အတွက် ပရုပ်ဆီကဲ့သို့ ဆီပေကျံခြင်းမရှိဘဲ ဆေးအနည်းငယ် သုံးရုံမျှဖြင့် အာနိသင်ထိရောက်မှုရှိသည်။

ဝယ်ယူနိုင်

ပုဆိန်တံဆိပ် လေဆေးဆီအပြင် ပုဆိန်ပန်းဆီနီ၊ ပုဆိန်ရှူဆေးတောင့်တို့ကိုလည်း ဖြန့်ဖြူးရောင်းချလျက်ရှိပြီး လက်လီလက်ကား ဝယ်ယူရောင်းချ လျှုဒါန်းလိုပါက Golden Palace Enterprises Limited အမှတ် ၃၂ လသာလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၇၉၁၄၊ ၀၉-၉၉၂၃၀၀၄၊ မန္တလေးဖုန်း-၀၉-၉၁၀၃၆၄၁၇ နှင့် အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်၊ စတိုးဆိုင်နှင့် တိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အလိမ္မာ စာမှာရှိ

အီရတ်-အာဖဂန်သတင်းများ **အီရတ်-အာဖဂန်သတင်းများ** **အီရတ်-အာဖဂန်သတင်းများ** **အီရတ်-အာဖဂန်သတင်းများ**

အာဖဂန်၌ လေကြောင်းမှတိုက်ခိုက်၊ ၁၀ဦး သေဆုံး

ဝါကာရှီ မေ ၄

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်တောင်ဘက် ကီလိုမီတာ ၁၂၅ အကွာတွင်ရှိသည့် ဝါကာရှီစီရင်စုတွင် မေ ၃ ရက်က နေတိုးတပ်ဖွဲ့မှ လေကြောင်းတိုက်ခိုက်မှုကြောင့် ၁၀ ဦး သေဆုံးခဲ့သည်။ **(ယာပုံ)**

ဂျီလန်ခရိုင်အတွင်း ယင်းနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် လေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်အစောင့် ၁၀ ဦးသေဆုံးခဲ့ရပြီး အချို့ဒဏ်ရာရခဲ့ကြောင်း ရဲအရာရှိ ဇာရာဝါဂျာဟစ်က ဆင်ဟွာသို့ပြောကြားသည်။

ယခုလေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များ ယခုထက်ပို၍ မရရှိသေးကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ယင်းအရာရှိက ဆက်လက်ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်ဦးဆောင်သည့်တပ်များသည် တာလီဘန်လက်နက်ကိုင်အုပ်စုများနှင့် ၄င်းတို့လှုပ်ရှားရာနယ်မြေများကို လေကြောင်းတိုက်ခိုက်မှုများ မကြာခဏပြုလုပ်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်၌ အသေခံဗုံးခွဲတိုက်ခိုက် လေးဦးသေဆုံး၊ ၁၂ ဦးဒဏ်ရာရ

ကဘူးလ် မေ ၄

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ တာလီဘန်တို့က နွေဦးရာသီထိုးစစ်ဆင်သွားမည်ဟု ကြေညာခဲ့ပြီး တစ်ရက်အကြာ မေ ၃ ရက်က အသက် ၁၂ နှစ်အရွယ်ရှိ အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားလေး၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူလေးဦးသေဆုံးသွားကြောင်း မေ ၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားလေးသည် ပတ္တိကာပြည်နယ်ရှိ လူစည်ကားရာဈေးအတွင်း ဝင်ပြီး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း၊ ၁၂ ဦး ဒဏ်ရာရရှိသွားကြောင်း၊ သေဆုံးမှုများတွင် အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ဦးပါဝင်ကြောင်း သိရသည်။

ပစ်ခတ်ခဲ့

မေ ၁ ရက်ကလည်း ဂါဇီမြို့၌ သေနတ်သမားတစ်ဦးက စစ်ဆေးရေးဂိတ်ကို ပစ်ခတ်ခဲ့သဖြင့် ရဲအရာရှိနှစ်ဦးသေဆုံးပြီး အရပ်သားနှစ်ဦး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် အီရတ်မြောက်ပိုင်း နိုင်းဗင့်ချ်ပြည်နယ်တို့၌ မေ ၃ရက်က ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့သဖြင့် အရာရှိနှစ်ဦး သေဆုံးသွားကြောင်း မေ ၄ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(ယာပုံ)**

ဒဏ်ရာရရှိ

နိုင်းဗင့်ချ်ပြည်နယ် ဟာမန်အယ်အလီမြို့အနီးတွင် ရဲအရာရှိချုပ် ဗိုလ်မှူးကြီး အဘတ်အယ်နာမစ်၏ ယာဉ်တန်း ဖြတ်သန်းမောင်းနှင်သွားစဉ် လမ်းဘေးထောင်ဗုံးထိမှန်ပြီး ၄င်းဗိုလ်မှူးကြီး သေဆုံးကာ သက်တော်စောင့်တစ်ဦး ဒဏ်ရာရရှိသွားခဲ့သည်။

ပေါက်ကွဲခဲ့

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း အဝေးပြေးလမ်းမကြီးတစ်နေရာတွင်လည်း အီရတ် ကုန်သွယ်ရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် ဟက်ဆန်အစ္စမေးလ်၏ကားအနီးတွင်လည်း လမ်းဘေးထောင်ဗုံးပေါက်ကွဲခဲ့သဖြင့် ယာဉ်မောင်းသေဆုံးပြီး ၄င်းညွှန်ကြားရေးမှူးချုပ်မှာ ဒဏ်ရာရရှိသွားခဲ့သည်။

ထိုနေ့အစောပိုင်းက ဘဂ္ဂဒက်၌ ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သဖြင့် လူနှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ဒီယာလာပြည်နယ်တွင်လည်း အမေရိကန်နှင့်အီရတ်တပ်ဖွဲ့ဝင်များက အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးနှင့် လက်ထောက်နှစ်ဦးတို့အား ဖမ်းဆီးနိုင်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြားနေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှ စတင်ပြီး မေ ၄ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ **၇၀၅၇၀၀** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၁၂၇၈၁၈၈** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၅၇၀၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၈၁၈၈ ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိ မှုအခြေအနေ

ကဘူးလ် မေ ၄

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှ စတင်ပြီး မေ ၄ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူ ဦးရေမှာ **၃၃၈၃၁** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၄၁၂၈၃** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၈၃၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၂၈၃ ဦး

(အင်တာနက်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပြည်ပထွက်ခွာ

နေပြည်တော် မေ ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ မေ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ (၄၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် မေ ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမာလာမောင်ကြီးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမိုးတို့လည်း လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလှကမ္ဘာပန်းချီပြပွဲဆီသို့ တစ်ခေါက်

သတင်းနှင့်ဓာတ်ပုံ
သက်ထက်ကို

ရန်ကုန် မေ ၄

ပန်းချီပြပွဲများသို့ မရောက်သည်မှာကြာခဲ့ပြီ။ ပန်းချီမိတ်ဆွေတစ်ဦး၏ ဖိတ်ကြားချက်ကြောင့် ရန်ကုန်မြို့လယ် Traders Hotel တွင် ပြုလုပ်သော အလှကမ္ဘာပန်းချီပြပွဲလေးဆီသို့ ယနေ့ရောက်ခဲ့သည်။

အလှဆင်ထား

ဟိုတယ်ပထမထပ်ရှိ Myanmar Ballroom (1) ဆီသို့ ဝင်လိုက်သည်နှင့် ငြိမ့်ညောင်းသာယာလှသည့် တေးသံကို နောက်ခံပြုကာ ခန်းမကြီး တစ်ခုလုံးကို ပန်းချီကား ၄၁ ကားဖြင့် အလှဆင်ထားသည်ကို တွေ့မြင်လိုက်ရသည်။

ဆေးရောင်စုံ

ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်ဆေးရောင်စုံဖြင့် အလှကစုံလှသည်။ ပန်းချီဆရာ ၁၄ ဦး၏ စိတ်ကူးနှင့် စုတ်ချက်တွေကလည်း အဆင့်မြင့် ပန်းချီပြပွဲတစ်ပွဲ ဖြစ်ကြောင်း သက်သေပြနေသည်။ ပန်းချီဆရာဝင်းခိုင်၏ ရွှေတိဂုံ၊ ကြီးစိုး၏ မဟာမြတ်မုနိနှင့်ကြာ၊ ထွန်းဝင်း၏ ပန်းသီး၊ M မြတ်မင်း၏ ကြက်တူရွေး၊ အောင်မင်းဘော်၏ အင်းလေး၊ တင်အောင်ထိုက်၏ ရင်ပြင်တော်၊ ဝင်းမြင့်မိုး၏ သူငယ်တော်၊ ဝင်းမင်း၏ နေခြည်ဖြာ၊ ထွန်းဦး၏ ဈေး၊ ငွေးမြင့်၏ အမြင်၊ အောင်မြင့်ဦး၏ နတ်၊ မြတ်ဟန်၏ မြန်မာ့အလှ၊ မွန်သက်၏ နှင်းဆီ၊ N.C.S ၏ ပုံရိပ် ပန်းချီကားများက ခန်းမအတွင်း ဝင်ရောက်သူတို့၏ ရင်ထဲဝယ်စွဲငြိစေသော ပန်းချီကားများ ဖြစ်သည်။

"မြန်မာ့အနုလက်ရာပန်းချီကားတွေကို နိုင်ငံခြားသားတွေ မြင်စေချင်လို့ပါ"

ပြခန်းတာဝန်ခံ
ဦးစည်သူ

ထိုးဖောက်နိုင်

ပြပွဲတာဝန်ခံ ဦးစည်သူက **"ဒီပွဲလေးကို ယနေ့ မြန်မာ့ပန်းချီ လောကမှာ ရေပန်းစားနေတဲ့ ပန်းချီဆရာများနဲ့ စဖွင့်လိုက်တာပါ။ ပြပွဲ ရက်အနေနဲ့ကတော့ မေ ၄ ရက်နဲ့ ၅ ရက် နှစ်ရက်တည်းပါ။ အခုလို နိုင်ငံခြားသားများ အဝင်အထွက်များတဲ့ ဟိုတယ်ကြီးမှာ ပြသတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ မြန်မာပန်းချီဆရာတွေရဲ့ လက်ရာကို နိုင်ငံခြား ပန်းချီလောကအတွင်း ဝင်ရောက် ထိုးဖောက်နိုင်စေဖို့နဲ့ မြန်မာ့အနုလက်ရာပန်းချီကားတွေကို နိုင်ငံသားတွေ မြင်စေချင်လို့ပါ"** ဟု ညွှန်းဆိုခဲ့သည်။

ဆိုစကားမှန်လှသည်။ ပန်းချီဆရာ ကြီးစိုး၏ မြန်မာ့ယဉ်ကျေးမှု အနုလက်ရာမြောက် မဟာမြတ်မုနိ ကြေးသွန်းမျက်နှာတော်ကို အမိအရ ပုံဖော်ထားမှုနှင့် ဘုရားနှင့်ကြာပန်သင့်စွာ ရေးခြယ်ထားမှုက သပ္ပာယ်လွန်းလှသည်။

မြင်တွေ့ခဲ့ရ

မာလကာသီး၊ သရက်သီး၊ ပန်းသီးစသည့် အသီးအနှံများဖြင့် ယနေ့ ပန်းချီလောကဝယ် နာမည်တစ်လုံးထိုးနိုင်ခဲ့သည့် ထွန်းဝင်း (မာလကာသီး)၏ ပန်းချီကားများပေါ်က ရေစက်ရေသီးလေးများက တကယ့်ရေလားဟု လက်ညှိုးလေးနှင့် တို့ချင်စရာအဖြစ် တွေ့မြင်ခဲ့ရသည်။ ယနေ့ လူငယ်ပန်းချီဆရာများထဲဝယ် မြန်မာ့အကနှင့်အလှပုံရိပ်သဏ္ဍာန် ဖော်ညွှန်းရေးခြယ် အားကောင်းလှသည့် ပန်းချီဆရာ ဝင်းမြင့်မိုး၏ မြိုင်ထနှင့် သူငယ်တော်ပန်းချီကားတို့ကလည်း ကြွကြွရွရွလေး စွဲမက်စရာအဖြစ် မြင်တွေ့ခဲ့ရသည်။ ထို့အပြင် မွန်သက်၏ နှင်းဆီအလှ ပန်းချီကားသုံးချပ်ကလည်း ပန်းချစ်သူတို့အတွက် အမှတ်တရပန်းချီကားများပင် ဖြစ်ပါသည်။

ဖန်တီးထင်ဟပ်

ဤသို့နှယ် ပန်းချီမြင်ကွင်းများ၏အလယ် ရှုမြင်ခံစားရင်း အလှကမ္ဘာပန်းချီပြပွဲမှ မြန်မာ့အလှပန်းချီလက်ရာများ ကမ္ဘာ့ပန်းချီဆရာများလက်ရာထက် မနိမ့်ကြောင်း စာရေးသူ တွေးထင်နေမိပါတော့သည်။ ။**(မြန်မာ့အလင်း)**

ပန်းချီဆရာဝင်းမြင့်မိုး၏ မြိုင်ထအမည်ရှိ ပန်းချီကား။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	**လိုရာသွန်းဖြိုးရွာတိုင်းမိုး** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
၆း၃၅	ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၄)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၂)
၈း၅၀	Legendary Journey Live at Singapore (Part-3)
၉း၄၅	Science for All (မြေငလျင်လှုပ်ခတ်သောအခါ သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀း၁၀	Activities in the City (လှိုင်သာယာပညာရေးမိသားစု စုပေါင်းရဟန်းခံမင်္ဂလာ)
၁၀း၂၅	ချစ်ခင်ဖွယ်စိတ်ထားများနှင့် မြစ်သားမြို့သူမြို့သားများ
၁၀း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၀၀	Activities in the City [အနုပညာအထက်တန်းကျောင်း (ရန်ကုန်)ပန်းချီပန်းပုဌာနနှင့် ပန်တျာဌာနတို့၏ သင်တန်းဆင်းပွဲ]
၁၁း၂၀	ရန့်ထုံကြည် အလင်္ကာနှင်းဆီ (အဆိုတော် ကြာညိုသွယ်)
၁၁း၄၅	MRTV- 4 ကာတွန်းအစီအစဉ်
၁၂း၁၅	Activities in the City (အကျဉ်းဦးစီးဌာန အင်းစိန်ဗဟို အကျဉ်းထောင်၏သင်တန်းဆင်းပွဲ အခမ်းအနား)
၁၂း၂၅	သမိုင်းဝင် မဟာမွေ့ရုံသီအိမ်တော်ရာ စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် အထွတ်တင်လှူပူဇော်ပွဲ
၁၂း၄၅	ရန်ကုန်မြင်ကွင်းကျယ် (ပန်းလှိုင်ဆေးရုံမှ နှလုံးရောဂါ ပညာပေးဟောပြောပွဲ)
၁း၀၀	**လိုရာသွန်းဖြိုးရွာတိုင်းမိုး** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
၁း၄၅	**သုဒဿနတောင်ပေါ်မှ လေးဆူဓာတ်ပျော် ပြည်ရွှေဆံတော်**
၂း၀၀	MRTV-4 သတင်း
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၃း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၄)
၄း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၂)
၅း၀၀	တော်ဝင်ပလာဇာမှ Lion စတိုးဆိုင်သုံးပစ္စည်းများနှင့် စုပေါင်းဈေးရောင်းပွဲတော်
၅း၀၅	ဓာတ်ပုံထဲမှ အမှတ်တရများ **(သြရသ)**
၅း၃၅	စိမ်းစိမ်းစိုစိုဆေးဖက်ဝင်လှသကို
၆း၀၀	MRTV-4 သတင်း
၆း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၉၅)
၇း၁၀	Legendary Journey Live at Singapore (Part-4)
၈း၀၀	MRTV-4 သတင်း
၈း၃၀	မီးသတ်တပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း **ပေးဆပ်ခြင်းများစွာ** မင်းဦး၊မိုးယံဇွန်၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ မိုးယုစံ၊ အကယ်ဒမီထွန်းထွန်းဝင်း (ဒါရိုက်တာ-အကယ်ဒမီ မောင်မျိုးမင်း-ရင်တွင်းဖြစ်)
၁၀း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၃)
၁၁း၂၀	စကားနပန်း **ယုံကြည်တာကောင်းတယ်၊ မယုံကြည်တာကောင်းတယ်**
၁၂း၁၅	အားကစားမြင်ကွင်းစုံ
၁၂း၅၅	အနုပညာမိုးကောင်းကင်
၁း၁၅	Box Office Movies (SURROGATES)
၁း၃၅	စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
၁း၅၅	Celebrity Profile (Avirl Lavigne)
၂း၃၀	လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	ငြိမ့်ညောင်းသာယာ တယောပညာ (တယောဦးတင်ရီ)
၄း၂၀	လယ်တီသာသနာ လယ်တီကျောက်စာ
၄း၅၀	စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
၅း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် — စုစည်းရေးသားသည်

ရာစုနှစ်ကုန်တွင် ကမ္ဘာ့လူဦးရေ ၁၀ ဒသမ ၁ ဘီလီယံ ရှိလာမည်ဟု ကုလသမဂ္ဂထုတ်ပြန်

ဂျီနီဗာ မေ ၄

ကမ္ဘာ့လူဦးရေသည် ယခုနှစ် အောက်တိုဘာ ၃၁ရက်တွင် ခုနစ်ဘီလီယံကျော်ရှိလာမည်ဖြစ်ပြီး ၂၁ ရာစုအကုန်တွင် ၁၀ ဒသမ ၁ ဘီလီယံအထိ ရောက်ရှိလာနိုင်သည်ဟု မေ ၃ ရက်က ထုတ်ပြန်သည့် ကုလသမဂ္ဂ အစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၁၀ ခုနှစ်ကုန် ကမ္ဘာ့လူဦးရေတိုးပွားမှု ပြန်လည်စိစစ်ခြင်းဟု ခေါင်းစဉ်တပ်ထားသည့် ၎င်းအစီရင်ခံစာကို ကုလသမဂ္ဂ စီးပွားရေးနှင့်လူမှုရေးဌာန(DESA)က ပြုစုခဲ့ခြင်းဖြစ်သည်။ တစ်ကမ္ဘာလုံး လူဦးရေတိုးပွားမှုနှုန်းပမာဏသည် အာဖရိက၊ အာရှ၊ လက်တင်အမေရိကနှင့် ကမ္ဘာ့ကျွန်းနိုင်ငံများရှိ မျိုးဆက်ပွားမှုနှုန်းမြင့်မားသည့်နိုင်ငံ ၅၈နိုင်ငံကြောင့် ပိုမိုတိုးမြှင့်ခြင်းဖြစ်သည်ဟု ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်။

လူဦးရေတိုးပွားထူထပ်လာခြင်းသည် ကမ္ဘာကြီးအတွက် စိုးရိမ်ဖွယ်မရှိသော်လည်း ဆင်းရဲသောနိုင်ငံများမှာ ပိုမိုလူဦးရေများပြားလာနေသည်ကသာ သတိထားရမည့်အချက်ဖြစ်ကြောင်း DESA ၏ လူဦးရေ ဌာနခွဲဥက္ကဋ္ဌ ဟာနီရာဇာလို့နစ်က ပြောကြားသည်။ (အင်တာနက်)

အာကာသအတွင်းရှိနေသည့် ယာဉ်မှူး မိခင်ဈာပနနှင့်လွဲချော်

မီလန် မေ ၄

အီတလီလူမျိုးအာကာသယာဉ်မှူး ပီလိုနီပိုလီသည် အာကာသအတွင်း၌ ၎င်း၏တာဝန်ကို ထမ်းဆောင်နေစဉ်မှာပင် မိခင်ဖြစ်သူသည် မီလန်မြို့အနီးရှိ သူမ၏မွေးရပ်မြေတွင်ဆုံးပါးသွားခဲ့ရကြောင်း တာဝန်ရှိသူများက မေ ၃ ရက်တွင် ပြောကြားသည်။

သေဆုံးခဲ့

*အာကာသယာဉ်မှူး နီပိုလီ **(အပေါ်ပုံ)**သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလမှစတင်ပြီး နိုင်ငံတကာအာကာသစခန်းသို့ရောက်ရှိကာ ခြောက်လကြာ စီမံကိန်း တာဝန်ကိုထမ်းဆောင်နေချိန်၌ အသက် (၇၈)နှစ်ရှိပြီဖြစ်သည့် သူ၏မိခင်မှာ ဖျားနာ၍ မေ ၃ ရက် ညနေပိုင်းက သေဆုံးခဲ့ခြင်းဖြစ်သည်။ နီပိုလီသည် အာကာသစခန်း၌ အမေရိကန်နိုင်ငံသားတစ်ဦး၊ ရုရှားနိုင်ငံသားတစ်ဦးနှင့် အတူရှိနေကာ မြေကမ္ဘာသို့ ပြန်လည်ဆင်းသက်ရန် သုံးပတ်ခန့်သာလိုတော့သည့်အချိန်ဖြစ်သည်။*

နီပိုလီ၏ အာကာသခရီးစဉ်များသည် မိဘတို့၏သေခြင်းတရားနှင့် ကြုံတွေ့ခဲ့ရသည့် ခရီးစဉ်များဖြစ်နေသည်။ ၂၀၀၇ ခုနှစ်ကလည်း နီပိုလီ၏ ပထမဆုံးအာကာသခရီးစဉ် မစတင်မီ အချိန်ပိုင်းအလိုတွင် သူ၏ ဖခင်ဖြစ်သူ သေဆုံးခဲ့သည်။ ယခုခရီးစဉ်သည် သူ၏ဒုတိယမြောက် အာကာသခရီးစဉ်ဖြစ်သည်။ ***(အင်တာနက်)***

နီပေါတွင် တောင်တက်လမ်းပေါ်မှ ကားဘီးချော်ပြီးထိုးကျ၊ ၁၂ ဦးသေဆုံး

ခတ္တမန္ဒူ မေ ၄

နီပေါနိုင်ငံအလယ်ပိုင်းတွင် မေ ၃ ရက်က လူအများအပြားတင်ဆောင်မောင်းနှင်လာသည့် ဘတ်စ်ကားတစ်စီး တောင်တက်လမ်းပေါ်မှ ဘီးချော်ထိုးကျခဲ့ရာ အနည်းဆုံး ၁၂ ဦး သေဆုံးကြောင်း၊ ဒဏ်ရာရခဲ့သူများပြားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မေ ၃ ရက်နေ့ကို နီပေါနိုင်ငံက မိခင်နေ့အဖြစ် သတ်မှတ်ထားပြီး လူအများက ၎င်းတို့၏ မိဘများထံ သွားရောက်တွေ့ဆုံတတ်ကြသည့် နေ့တစ်နေ့ဖြစ်ရာ ယင်းဘတ်စ်ကားတွင်လူများ များပြားနေခဲ့ခြင်း ဖြစ်သည်။ ထိုခရီးသည်တင် ဘတ်စ်ကားသည် တောင်တက်လမ်းပေါ်၌ အမြင့် ပေ ၁၀၀၀ခန့်ကနေ ဘီးချော်၍ ချောက်ထဲထိုးကျခဲ့ပြီး တောင်စောင်းဆင်ခြေလျှောရှိ သစ်ပင်များတွင် တင်နေသဖြင့် ကယ်ဆယ်ရေးဆောင်ရွက်ရန် ခက်ခဲကြောင်း ခရိုင်အုပ်ချုပ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။ ယခုအချိန်အထိယင်းကားမတော်တဆမှုနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များအကြမ်းဖျင်းသာ ရရှိသေးကြောင်း၊ လူနှစ်ဒါဇင်ခန့်ကို အနီးတွင်ရှိသည့် ဆေးရုံသို့ တင်ပို့ထားကြောင်း ၎င်းကပင် ပြောကြားခဲ့သည်။ (အင်တာနက်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ရှိ ဓာတ်အားပေးစက်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၂ ရက် မွန်းလွဲပိုင်းက ပြည်နယ်ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်မီးလင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံသည်။ **(အောက်ပုံ)**

ထို့နောက် စစ်တွေမြို့ ဓညဝတီရပ်ကွက်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ပြည်တော်သာရပ်ကွက်ရှိပုဂ္ဂလိက စပါးခွဲဓာတ်ငွေ့နှင့် ဒီဇယ်ရောသုံးလျှပ်စစ်ဓာတ်အားပေးစက်နှင့်ကုန်တန်းရပ်ကွက်ရှိ ရပ်ကွက်မီးလင်းရေး ကော်မတီ၏ စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ရောသုံးလျှပ်စစ်ဓာတ်အားပေးစက်တို့ကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဓိကရောဂါသုံးမျိုး တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု အောင်မြင်မည်

နေပြည်တော် မေ ၄

ကျန်းမာရေးဝန်ကြီးဌာနက ဦးစီးကျင်းပသည့် 9th Myanmar- Country Coordinating Mechanism (M-CCM) Meeting ကိုမေ ၃ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်တည်ရှိနေသော အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါသုံးမျိုးကို တိုက်ဖျက်ရန်အတွက် ကမ္ဘာ့ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဓိက ဦးစားပေးတိုက်ဖျက်ရမည့် ၄င်းရောဂါသုံးမျိုးအတွက် ငါးနှစ်စာ အထောက်အပံ့ကို Global Fund to fight AIDS, TB and Malaria- GFATM ထံမှ ရရှိကြောင်း၊ ယင်းအထောက်အပံ့ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို CCM Principal Recipients (PRs) နှင့် အကောင်အထည်ဖော်ဆောင်မည့် Sub - recipients (SRs) များ ပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ရွေးချယ်တင်မြှောက်

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်က M-CCM အဖွဲ့ဝင် စာရင်းများကို ကြေညာပြီး အဖွဲ့ဝင်များက M-CCM အဖွဲ့ ဥက္ကဋ္ဌနေရာကို မဲစနစ်ဖြင့် ရွေးချယ်ကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား M-CCM အဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ထို့နောက် UNOPS နှင့် Save the Children အဖွဲ့များက ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund)မှ ရန်ပုံငွေအသုံးပြု၍ လုပ်ငန်းဆောင်ရွက်ရန် လျာထားချက်များကို ရှင်းလင်းတင်ပြကြရာ အစည်းအဝေး တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ပလတ်စတစ်အိတ်ပျော့များ ထုတ်လုပ်ခွင့်ပြု

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း ကြွပ်ကြွပ်အိတ်နှင့် ကြွပ်ကြွပ်ကြိုးများ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းတို့ကို ခွင့်မပြုတော့ကြောင်းနှင့် လိုက်နာမှုမရှိပါက လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြွပ်ကြွပ်အိတ်နှင့် ကြွပ်ကြွပ်ကြိုး ထုတ်လုပ်၊ ရောင်းချသူများအား အကြောင်းကြားထားပြီး ဖြစ်သည်။

စစ်ဆေးဆောင်ရွက်

ကြွပ်ကြွပ်အိတ်နှင့် ကြွပ်ကြွပ်ကြိုး ထုတ်လုပ်ရောင်းချသူများအနေဖြင့် ယင်းညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ သက်ဆိုင်ရာ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးများက မိမိတို့မြို့နယ်အတွင်း လှည့်လည်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ခွင့်ပြု

သို့ရာတွင် ဆွေးမြည့်မှု မြန်ဆန်ပြီး ပြန်လည်အသုံးပြု (Recycle) ၍ရသော ပလတ်စတစ်အိတ်ပျော့များ ထုတ်လုပ်မှုကိုမူ ခွင့်ပြုကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

(သတင်းစဉ်)

တောင်ကုတ်မြို့နယ် ပြည်သူ့ဆေးရုံပြင်ပလူနာဌာနသို့ ထိုင်ခုံများဝယ်ယူရန် အလှူငွေများပေးအပ်

တောင်ကုတ် မေ ၄

တောင်ကုတ်မြို့နယ် အစိုးရအမှုထမ်းများ ငွေစုငွေချေးသမဝါယမလီမိတက်က ပြည်သူ့ဆေးရုံပြင်ပလူနာဌာနအတွက် ထိုင်ခုံများ ဝယ်ယူရန် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ဆရာဝန်ကြီးရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ရီက ရှင်းလင်းပြောကြားပြီးနောက် အလှူငွေများကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ထွန်းနှင့် အသင်းဥက္ကဋ္ဌ ဦးခင်မောင်ရီတို့က ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရွှေသိန်းက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၄

၂၀၁၁ ခုနှစ် မေ ၂၀ ရက်မှ စတင်၍ မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ ကျင်းပမည် ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာဘောလုံးအားကစား တိုးတက်ဖွံ့ဖြိုးရေးအတွက် အစဉ်ကြိုးပမ်းလျက် ရှိသည့်အလျောက် (၁၉) နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းသည် မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပမည့် အာဆီယံယူ(၁၉) လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်(၁၉)နှစ်အောက် ဘောလုံးအသင်း အောင်မြင်မှုရရှိရေး ရည်ရွယ်လျက် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲ အတွေ့အကြုံ ကြွယ်ဝရေးအတွက် မဲခေါင်ဒေသ နိုင်ငံများ အားကစားပြိုင်ပွဲသို့ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းကို စေလွှတ်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

● ရွှေဖုံးမှ

ဧည့်ခံဖျော်ဖြေ

ရှေးဦးစွာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးကြည်တိုးက အမှာစကားပြောကြားပြီး အလုပ်ပြယာဉ်ကို အမွှေးနံ့သာများပက်ဖျန်း၍ ဖွင့်လှစ်ပေးလိုက်သည်နှင့် အလုပ်ပြယာဉ်က မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုတေးသီချင်းများကို အဆို၊ အတီး၊ အကအလှုများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့၏ အလုပ်ပြယာဉ်သည် ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်များတွင် နံနက် ၁ နာရီအထိ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး တေးသီချင်းများ၊ အကအလှုများဖြင့် ပြည်သူများအား ဖျော်ဖြေသည်။ အဆိုပါ အလုပ်ပြယာဉ်သည် မေ ၅ ရက်တွင် အောင်မြေမန္တလာ အားကစားကွင်း၌ ကျင်းပမည့် မီးသတ်တပ်ဖွဲ့နေ့တွင်ဆက်လက် ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရှိရသည်။

(၀၂၆)

ဘီလီယက်နှင့် စနူကာပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၄

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော Billiards & Snooker Challenge Cup 2011 ပြိုင်ပွဲကို ရန်ကုန်မြို့ APEX Club (နာနတ်တောလမ်း ကမာရွတ်မြို့နယ်)တွင် မေ ၂၀ ရက်မှစတင်၍ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲတွင် ဘီလီယက်အကြီးတန်းပြိုင်ပွဲ၊ စနူကာအကြီးတန်းပြိုင်ပွဲနှင့် စနူကာအငယ်တန်းပြိုင်ပွဲတို့ ထည့်သွင်းကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် မြန်မာနိုင်ငံဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် အောင်ဆန်းကွင်း ဖုန်း-၃၇၅၁၀၄ နှင့် APEX Club တို့တွင် မေ ၁၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်)

မြောင်းမြမြို့နယ်၌ သဘော့ချောင်းကျေးရွာ နှစ်လက်မစက်ရေတွင်း ရေထွက်နှုန်း စမ်းသပ်မောင်းနှင်မှုကို မေ ၂ ရက်က အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း မှုခင်းသတင်း

လမ်းဖြတ်ကူးသူ ကားဖြင့်ပွတ်တိုက်မိပြီးလဲကျ တစ်ဖက်ယာဉ်ကြောမှ ကားဖြင့်တိုက်မိ

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်ရှေ့ စံပြဈေးကြီးမှတ်တိုင်အနီး လေးဒေါင့်ကန်လမ်းမကြီးပေါ်၌ လေးဒေါင့်ကန်ရပ်ကွက်ဘက်မှ လမ်းမ၏တစ်ဖက်ရှိ ငမိုးရိပ်ရပ်ကွက်ဘက်ခြမ်းသို့ အမျိုးသမီးနှစ်ဦးနှင့် ကလေးနှစ်ဦး လမ်းဖြတ်ကူးကြစဉ် ယာဉ်တိုက်မိမှု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားမှုမှာ မေ ၃ ရက် နံနက် ၁၁ နာရီခန့်က သဃ်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက် စံပြဈေးမှတ်တိုင်အနီး လေးဒေါင့်ကန်ရပ်ကွက်ဘက်ခြမ်းမှ ငမိုးရိပ်ရပ်ကွက်ဘက်သို့ အမျိုးသမီးနှစ်ဦးနှင့် ကလေးနှစ်ဦးတို့ လမ်းဖြတ်ကူးကြစဉ် တာမွေဘက်မှ စံပြဈေးဘက်သို့ မောင်းနှင်လာသော ၇က/--- စူပါရှ(ဗင်) ကားဖြင့် အမျိုးသမီးတစ်ဦး ပွတ်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောသို့ လဲကျစဉ် စံပြဈေးဘက်မှ ဘုရားလမ်းဘက်သို့ မောင်းလာသော အမှတ် (၇၉) လိုင်းကား ၈က/---ဖြင့် ဆက်တိုက်မိခဲ့၍ အတိုက်ခံရသူ အမျိုးသမီးမှာ ပြင်းထန်စွာဒဏ်ရာရရှိပြီး သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရသည်။ ယာဉ်တိုက်မှုအား ယာဉ်မှုစစ်မှ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ **(၀၂၅)**

မီးဘေးရှောင် မလောင်ခင်တား

(၆၅)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသတင်းဆောင်းပါး

မီးလောင်မှုဖြစ်ပွားစဉ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ဆောင်ရွက်မှုအကြောင်း သိကောင်းစရာ

တွေ့ဆုံမေးမြန်းသူ – တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံမှတ်တမ်း – မြင့်အောင် (အလုံ)

ရန်ကုန် မေ ၄

၂၀၁၁ခုနှစ် မေ ၅ရက်သည်ကား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ (၆၅) နှစ်မြောက် နှစ်ပတ်လည်ပင် ဖြစ်သည်။ မီးသတ်တပ်ဖွဲ့ (၆၅)နှစ်တာ ကာလအတွင်း နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံများ၊ ပြည်သူများ၏ အိုးအိမ်စည်းစိမ်တို့ကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်လာခဲ့သည်။

အဆိုပါကာလအတွင်း မိမိ၏ အသက်ခန္ဓာကိုယ်ပင်မငဲ့ ပေးလှူစွန့်လွှတ်ခဲ့သူအပေါင်းကြောင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ဂုဏ်သတင်းသည် ထုံသင်းမွှေးကြိုင်ခဲ့ရသလို မီးသတ်လုပ်ငန်းအပေါ် မသိနားမလည် ''အမနာပ'' မဆင်မခြင် ပြောဆိုသူတို့ကြောင့် ဂုဏ်သတင်းညှိုးမှိန်ခဲ့ရသည်။

ထိုဖြစ်စဉ်များကို အကြောင်းပြု၍ မြန်မာ့အလင်းသတင်းအဖွဲ့သည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ ကမာရွတ်၊ ဇုန်နယ်မြေမှူး ရဲဗလဦးစောထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာ့အလင်း – **မီးသတ်ကားတွေ မီးလောင်ပြင်ကို ရောက်ပေမယ့် ချက်ချင်း မီးမငြိမ်းသတ်ကြဘူးလို့ အချို့သူတွေက ဆိုကြပါတယ်ဆရာ အဲဒါနဲ့ ပတ်သက်ပြီး ရှင်းပြပါဦး။**

မီးသတ် – မီးလောင်တယ်လို့ စတင်သတင်းရပြီး မီးသတ်ကားထွက်တာနဲ့ လျှပ်စစ်ဌာနကို မီးလောင်တဲ့နေရာမှာလျှပ်စစ်ဓာတ်အားဖြတ်တောက်ပေးဖို့ လှမ်းအကြောင်းကြားရပါတယ်။ လျှပ်စစ်ဓာတ်အား ဖြတ်တောက်ပြီးမှသာ ရေစတင်ပက်ဖျန်းရပါတယ်။ နောက် လေအောက်၊ လေတင်ကြည့်ရပါတယ်။ အဲဒီအချိန်မှာ အပူရှိန်ကြောင့် လေကြောင်းပြောင်းလဲမှုတွေဖြစ်ပြီး လေရူး၊ လေပွေတိုက်လေ့ ရှိပါတယ်။ လေတင်က ရေပက်လို့မရပါဘူး။ ပက်လိုက်ရင် မီးကိုတွန်းအားပေးသလိုဖြစ်ပြီး လေအောက်က အိမ်ကို မီးကူးမှုမြန်နိုင်တာကြောင့် လေအောက်က နေရာယူပြီး ရေပက်ငြိမ်းသတ်ရပါတယ်။ အခုဆို ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဟာ **''မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်''** ဆိုတဲ့ အခြေခံလုပ်ငန်းသဘောတရားကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ပြည်သူတွေအပေါ် ကျရောက်လာတဲ့ မီးဘေးအန္တရာယ်ကို ပိုမိုကာကွယ်နိုင်ခဲ့ပါတယ်။

မြန်မာ့အလင်း – **မီးသတ်ကားတွေလာပေမယ့် ရေမပါဘူးလို့ ပြောကြပါတယ်ဆရာ။**

မီးသတ် – မီးသတ်ကားတစ်စီးမှာ ရေဂါလန် ၈၀၀ပါတဲ့ကားရှိသလို ဂါလန် ၁၀၀၀ပါတဲ့ ကားတွေရှိပါတယ်။ ဒါကလည်း ရေအလေးချိန်၊ ကားအလေးချိန်၊ စက်အလေးချိန်ချိန်ဆပြီး မီးလောင်ပြင်ကို မြန်မြန်ရောက်စေဖို့ စီစဉ်ထားတာပါ။ မီးသတ်ကားတစ်စီး ရေပက်ငြိမ်းသတ်မယ်ဆို သုံးမိနစ်ကနေ ငါးမိနစ်ကြားပဲ ပက်လို့ရပါတယ်။ ဒါကြောင့် အထိုင်ပတ်တဲ့ကားတစ်စီးကို နောက်ဖြည့်တဲ့စနစ်နဲ့ ငြိမ်းသတ်ရပါတယ်။ မီးလောင်မှုအနေအထားအရ ရေဖြည့်တင်းမှုတွေ လုပ်ရပါတယ်။ မီးသတ်ကားတွေ ရေမပါဘူးဆိုတာ မဟုတ်ပါဘူး။

မြန်မာ့အလင်း – **မီးလောင်တဲ့အိမ်ကို အရင်မပက်ဘူး၊ မလောင်တဲ့အိမ်ကိုပဲ ပက်တယ်။ အဲဒါ ငွေပေးထားလို့ဆိုပြီးတော့လည်း အချို့က ပြောကြပါတယ်ဆရာ။**

မီးသတ် – မီးလောင်တဲ့ အဆောက်အအုံ ဒါမှမဟုတ် အိမ်ကို မီးသတ်ပိုက်နဲ့ တဲ့တိုးပက်လိုက်မယ်ဆို ရေအရှိန်ကြောင့် မီးကပျံ့လွင့်သွားနိုင်ပါတယ်။ ဒါကြောင့် မီးလောင်တဲ့ အဆောက်အအုံရဲ့ အနီးကပ်ဆုံး မီးကူးနိုင်မယ့် အဆောက်အအုံကို မီးအပူရှိန် လျှော့ချတဲ့နည်းနဲ့ ဦးစွာပက်ရပါတယ်။ ဒါမှ မီးကူးမှုအားကျသွားမှာဖြစ်ပါတယ်။ အဲဒီနောက် နောက်လောင်နေတဲ့ အဆောက်အအုံကို ပက်ဖျန်းရပါတယ်။ ကျွန်တော့်အဖေကလည်း မီးသတ်ဝန်ထမ်းပါ။ မီးသတ် အသိုင်းအဝိုင်းထဲကို ကျွန်တော် အသက်ငါးနှစ်ကတည်းက ရောက်ရှိခဲ့တာပါ။ အခုအလုပ်ဝင်လို့ လုပ်သက် ၂၁နှစ်ရှိတဲ့ အချိန်အထိ မီးလောင်ပြင်မှာ ခုနကမေးတဲ့ ကိစ္စမျိုးမရှိပါဘူး။

မြန်မာ့အလင်း – **မီးငြိမ်းသတ်ရေးနှင့် ပတ်သက်ပြီး စီစဉ်မှုစနစ်ကိုလည်း သိပါရစေ။**

မီးသတ် – မြို့နယ်တစ်ခုမှာ မီးလောင်မှုဖြစ်ရင် ဇုန်နယ်မြေအတွင်းရှိ မီးသတ်ကားများ အလျင်အမြန်သွားရောက် ငြိမ်းသတ်ရပါတယ်။ ဒုတိယအဆင့်အနေနဲ့ မီးလောင်မှုကို ကြားရရင် ချက်ချင်းထွက်ယာဉ်အုပ်စု၊ ချက်ချင်း အကူယာဉ်အုပ်စု၊ တိုင်းဒေသကြီး အကူယာဉ်အုပ်စု ယာဉ်တွေက ထွက်ပြီး ငြိမ်းသတ်ရပါတယ်။ ဒီထက် မီးလောင်မှု ပိုကြီးမားလာရင် ဌာနချုပ်ယာဉ်အုပ်စုက မိမိနယ်မြေအတွက် နောက်ချန် ကားတစ်စီး(မြို့စောင့်ယာဉ်) သာချန်ပြီး တိုင်းဒေသကြီးအတွင်းရှိ ကားများအားလုံးက စုပေါင်းငြိမ်းသတ်ပေးရမှာ ဖြစ်ပါတယ်။

မြန်မာ့အလင်း – **မီးလောင်မှုဖြစ်ပွားရင် ပြည်သူတွေက ဘယ်လိုအကူအညီပေးသင့်ပါသလဲဆရာ။**

မီးသတ် – မီးလောင်မှုသတင်းကို အမြန်ဆုံးပေးပို့ပါ။ မီးလောင်တဲ့နေရာကို အမြန်ဆုံး ရောက်နိုင်တဲ့လမ်းကို ညွှန်ကြားပါ။ မီးသတ်ကားဝင်နိုင်၊ ထွက်နိုင်အောင် လမ်းကြောင်းရှင်းပေးထားပါ။ အနီးဆုံးရေရနိုင်မယ့်နေရာကို ပြသပေးပါ။ ဝိုင်းအုံပိတ်ဆို့နေခြင်း၊ ကြည့်နေခြင်းမပြုဘဲ မီးသတ်တပ်ဖွဲ့ဝင်များကို အကူအညီပေးပါ။ မီးမလောင်သေးသည့် မိမိနေအိမ်ရှိရာသို့ မီးသတ်ယာဉ်များကို ညွှန်ပြခြင်း၊

''လျှပ်စစ်ဓာတ် အားဖြတ် တောက်ပြီးမှသာ ရေစတင်ပက်ဖျန်းရပါတယ်။''
ရဲဗလ
ဦးစောထွန်း
ဇုန်နယ်မြေမှူး

အတင်းအဓမ္မ ခြိမ်းခြောက်ခေါ်ယူခြင်းစတဲ့ အတ္တဆန်စွာ အနှောင့်အယှက်ပေးခြင်းကို ရှောင်ရှားပြီး အကူအညီပေးဖို့ လိုပါတယ်။

မြန်မာ့အလင်း – **မီးလောင်မှုဖြစ်ရင် ဘယ်လိုအကြောင်းကြား သတင်းပို့ရမလဲဆရာ။**

မီးသတ် – နေပြည်တော်မှာဆို ဖုန်း-၀၆၇-၄၂၀၀၀၅ဖြစ်ပြီး ရန်ကုန်အနေနဲ့ အရေးပေါ် ၁၉၁ ဂဏန်းသုံးလုံးသာ နှိပ်လိုက်ရုံနဲ့ အမြန်သိနိုင်ပါတယ်။ ကြိုးဖုန်းကတော့ ၀၁-၂၅၂၀၁၁နဲ့ ၀၁-၂၅၂၀၂၂ဖြစ်ပါတယ်။ မန္တလေးကျတော့ အရေးပေါ်ဖုန်းအနေနဲ့ ၁၉၁ပါပဲ။ ကြိုးဖုန်းက ၀၂-၆၀၇၃၈ နဲ့ ၀၂-၆၀၇၃၉တို့ကိုသာ အကြောင်းကြားလိုက်ပါ။ မီးသတ်ကားတွေ အမြန်ဆုံးရောက်လာပါလိမ့်မယ်။

မြန်မာ့အလင်း – **ဟုတ်ကဲ့။ ယခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ....။ ။**

မန္တလေးရတနာပုံဈေးကြီး မီးလောင်စဉ်က မီးသတ်တပ်ဖွဲ့မှ ရေသယ်ယာဉ်က အထိုင်ပက်ကားအား ရေဖြည့်ပေးစဉ်။

ရဲဝံ့စွန့်စား

မင်္ဂလာဈေးကြီး မီးလောင်စဉ် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား မီးငြိမ်းသတ်ခဲ့သော မီးသတ်အရာရှိ တစ်ဦး ထိခိုက်ဒဏ်ရာရခဲ့၍ ဆေးရုံသို့ပို့ရန် စီစဉ်ကြစဉ်။



ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။ **(မီးသတ်ဦးစီးဌာန)**

မြန်မာ့ရုပ်မြင်သံကြား

၅-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ **အမျိုးနှင့်မျိုး**
၈:၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့)အပန်းဖြေစခန်း
၄:၃၀ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၇။ သက်တံရောင်သံစဉ်
၅:၁၅ ၈။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅:၃၀ ၉။ **အက္ခရာများက ပြောသောစကား**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၄၉) ကိုရဲ၊ ကိုလင်း၊ ရဲရဲယု၊ ယုဇနဖိုလ်မြင့်၊ ပိုးပိုး၊ ဝက်မ (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၂၉)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၁၃)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၅၆)

လျာထားသတ်မှတ်သည့် ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်

စိုက်သမျှ ရှင်သန်အောင်မြင်အောင် အထူးအလေးထား

နေပြည်တော် မေ ၄

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် မေ ၁ ရက်တွင် သာစည်မြို့နယ် လှိုင်းတက်သစ်ဆိပ်၊ ကလောမြို့နယ်နှင့် အောင်ပန်းမြို့နယ်တို့ရှိ သဘာဝသစ်တောအခြေအနေနှင့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကြီးမြို့ သစ်ထုတ်ရေးဌာနရုံး၌ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း ပြည်နယ်အဆင့်တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြည်နယ်အတွက် လျာထားသတ်မှတ်ထားသည့် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် မေ ၃ ရက်တွင် အင်းလေးကန် ရေဝေရေလဲစိုက်ပျိုးရန်အတွက် တောင်ကြီးမြို့နယ် တောင်လေးလုံးပျိုးဥယျာဉ်နှင့် ကလောမြို့နယ် အင်းပြင်ပျိုးဥယျာဉ်တို့၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်သမျှရှင်သန်အောင်မြင်အောင် အထူးအလေးထားဆောင်ရွက်ရန်မှာကြားကာ ယင်းမာပင် အမှတ် (၅၉) သစ်စက်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်၏ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၁၁) ကျင်းပရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) ကျင်းပရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့ပိုလီယိုရောဂါဖြစ်ပွားမှု အခြေအနေကို ကြည့်မည်ဆိုလျှင် ၂၀၁၁ ခုနှစ် ဧပြီ ၁၃ ရက်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကောက်ယူထားသော စာရင်းဇယားများအရ ကမ္ဘာပေါ်တွင် ၂၀၁၀ ခုနှစ်အတွင်း ပိုလီယိုရောဂါဖြစ်ပွားသူ ဦးရေစုစုပေါင်း ၁၂၉၂ ဦးရှိပြီး ဖြစ်ပွားမှုများသော နိုင်ငံများမှာ အာဖဂန်နစ္စတန်၊ အိန္ဒိယ၊ နိုင်ဂျီးရီးယားနှင့် ပါကစ္စတန်နိုင်ငံများဖြစ်ပြီး ၂၀၁၁ ခုနှစ် ဧပြီ ၃ ရက်အထိ ပိုလီယိုရောဂါဖြစ်ပွားသူ ၈၈ ဦးရှိသည်ဟု သိရှိရကြောင်း။

တိုက်ကျွေး

မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးအနည်းဆုံး (၃)ကြိမ် ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များကျင်းပပြီး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း၊ လတ်တလောပျော့ခွေအကြောသေရောဂါစုကို အထူးစောင့်ကြပ် ကြည့်ရှုသောစနစ်ကို ထူထောင်ဆောင်ရွက်ခြင်း၊ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပိုလီယိုရောဂါ လုံးဝပပျောက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့ ဆောင်ရွက်သည့်အတွက် ၂၀၀၀ ခုနှစ်မှ ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းအထိ ခြောက်နှစ်ကျော် ပိုလီယိုအကြောသေရောဂါ ကင်းစင်ခဲ့ကြောင်း၊ သို့သော်လည်း ၂၀၀၆ ခုနှစ် မေလတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ လည်းကောင်း၊ ၂၀၀၇ ခုနှစ် မေလတွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်များ၌ လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ လည်းကောင်း ကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုးများတွေ့ရှိခဲ့သည့်အပြင် ၂၀၀၇ ခုနှစ် မတ်လတွင် ပိုလီယိုကာကွယ်ဆေးတိုက် လွှမ်းခြုံမှုအားနည်းသော ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ တစ်ဖက်နိုင်ငံမှ ပိုလီယိုအရိုင်းပိုးများ ဝင်ရောက် ကူးစက်ခဲ့သဖြင့် ထိစပ်လျက်ရှိသော မြို့နယ်ပေါင်း ၁၈၀ တွင် ကာကွယ်ဆေးတိုက်ကျွေးမှုများ ဆောင်ရွက်ခဲ့ရကြောင်း။

ကာကွယ်နိုင်

၂၀၀၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၀ ခုနှစ် နိုဝင်ဘာလအထိ သုံးနှစ်ကြာ ပိုလီယိုရောဂါကူးစက်မှု ထပ်မံကင်းဝေးခဲ့ရာမှ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျားစီကျေးလက် ကျန်းမာရေးဌာနက အသက် ခုနစ်လအရွယ် ကလေးငယ်တစ်ဦးတွင် ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းသော ပိုလီယိုရောဂါပိုးတွေ့ရှိခဲ့သဖြင့် ရောဂါကူးစက်မှု ရပ်တန့်သွားစေရန်အတွက် ၄င်းရွာနှင့်နီးစပ်ရာရွာများရှိ ကလေးငယ် ၁၀၀၀၀ ကျော်ကို ချက်ချင်း ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး ကာကွယ်နိုင်ခဲ့ကြောင်း ဖြင့် ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးနှင့် နယ်မြေထိစပ်ပြီး ရောဂါပြန့်ပွားနိုင်ခြေရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ် ၁၂၆ မြို့နယ်၌ ပိုလီယိုရောဂါပိုးကူးစက်မှု ရပ်တန့်သွားစေရန်အတွက် အသက် ငါးနှစ်အောက် ကလေးငယ် ၂ ဒသမ ၉ သန်းအား ပိုလီယိုကာကွယ်ဆေး အပိုဆောင်း (၂)ကြိမ် တိုက်ကျွေးရန်လိုအပ်သည့်အတွက် ၂၀၁၁ ခုနှစ် မေလနှင့် ဇွန်လများတွင် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဆောင်ရွက်နိုင်ရန် ကြိုတင်စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း။

လွှမ်းခြုံမှု

ယခုနှစ် ကျင်းပမည့် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၁၁ ကျင်းပရေးလုပ်ငန်းကို အဆင့် နှစ်ဆင့်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ၂၀၁၁ ခုနှစ် မေ ၁၄ ရက်မှ ၁၆ ရက်အထိ လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၂၀၁၁ ခုနှစ် ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိလည်းကောင်း ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရန်ရည်မှန်း၍ လွှမ်းခြုံမှုရာနှုန်းပြည့်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သွားရောက်ရန် ခက်ခဲသည့်ဒေသများ၊ ဝေးလံခေါင်ဖျားသည့်ကျေးရွာမှ ကလေးများ၊ အထူးဒေသများမှကလေးများကိုပါ မကျန်စေရန်အတွက် အနုစိတ်စီမံချက်အဆင့်ဆင့်ရေးဆွဲ၍ တစ်ချိန်တည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား ၄င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

အမည်၊လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဦးမြတ်မော် ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(ခ) ဦးစံသောင်း ညွှန်ကြားရေးမှူးချုပ် အကောက်ခွန်ဦးစီးဌာန ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူး၊ ဌာန
(က) ဒေါ်နန္ဒာမွန်း	ညွှန်ကြားရေးမှူးချုပ် သမိုင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန
(ခ) ဒေါက်တာတင်ငွေ	ပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန
(ဂ) ပါမောက္ခ ဒေါက်တာဒေါ်စန်းစန်း မြင့်အောင်	ပါမောက္ခချုပ် အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

အောင်ပွဲရ မြန်မာမြားပစ်ကစားသမားများအား ဂုဏ်ပြု

ရန်ကုန် မေ ၄

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ဧပြီ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် အောင်ပွဲရမြန်မာမြားပစ်အဖွဲ့အား ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ ည ၇ နာရီက နေပြည်တော်ရှိ Mount Pleasant ဟိုတယ်တွင် ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အောင်မြင်မှုရရှိရေး ပြင်ဆင်နေသည့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က အောင်ပွဲရမြားပစ်အားကစားသမားများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ် ၃၅ သိန်းကို ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ရွှေတံဆိပ်နှစ်ခုရရှိပြီး အာရှစံချိန်သစ် နှစ်ခုတင်နိုင်ခဲ့သော ရဲမင်းဆွေအား ဂုဏ်ပြုဆုငွေ ချီးမြှင့်စဉ်။

လက်ခံရယူ

ဆက်လက်၍ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဂုဏ်ပြုဆုငွေ ကျပ် ၃၅ သိန်း၊ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် ကုန်ကျစရိတ် အမေရိကန် ဒေါ်လာ ၁၅၀၀၀ နှင့် ကျပ်ငါးသိန်းကိုလည်းကောင်း၊ ACE ဆောက်လုပ်ရေးကုမ္ပဏီက ကျပ် ၃၅ သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် နေပြည်တော်ဘောလုံးအသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက ကျပ် ၃၅ သိန်းကိုလည်းကောင်း ပေးအပ်ရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံရယူသည်။ အောင်ပွဲရ မြန်မာမြားပစ်အားကစားသမားများအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၁၄၀ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ။

(မြန်မာ့အလင်း)

ဖြောင်လိမ်ပြန်ပြီ BBC

အောင်ရှင်း

မိုးလုံးပြည့် မုသာဝါဒတွေနဲ့ မြန်မာပြည်သူတွေရဲ့ သောတအာရုံကို ဒုက္ခပေးနေတဲ့ BBC အသံလွှင့်ဌာနကြီးက ယခင်ရက်ပိုင်းက တပ်မတော်နဲ့ ပတ်သက်ပြီး သတင်းအမှားတွေ ထုတ်လွှင့်ခဲ့ပါတယ်။

BBC က လိမ်ညာပြီး ထုတ်လွှင့်တဲ့သတင်းများဟာ သာမန်လူတစ်ဦး အနေနဲ့ ကြားလိုက်ကတည်းက သတင်းအမှားဆိုတာ သိသာပေမယ့် မုသာဝါဒ သတင်းဌာနများရဲ့ ထုံးစံအတိုင်း အမှန်တကယ်ရှိတဲ့ တပ်နံပါတ်တွေ အသုံးပြုပြီး အမှန်တကယ် ကိုယ်တွေ့ကြုံတွေ့နေတဲ့သူတွေက ပြောဆို သယောင်ယောင် လုပ်ကြံလီဆယ်ပြီး ထုတ်လွှင့်နေတာကြောင့် အများပြည်သူ ထင်ယောင်ထင်မှား မဖြစ်ရလေအောင် စာတစ်တန်ပေတစ်ဖွဲ့ ပြန်ပြောနေရခြင်းဖြစ်ပါတယ်။

တကယ်တော့ တပ်မတော်နဲ့ပတ်သက်ပြီး BBC သတင်းထောက် ဆွန်ခလာဘူရီက ဦးသန်းဆိုသူရဲ့ သတင်းပေးပို့ချက်များဟာ လုံးဝ မမှန်သလို၊ ယုတ္တိလုံးဝမရှိတဲ့ သတင်းအမှားများဖြစ်တယ်ဆိုတာ ကြားရတဲ့ သူတိုင်း သိနေကြပါတယ်။ ယခင်ကလည်း ဦးသန်းရဲ့ အကြိမ်ကြိမ်အခါခါ လိမ်ညာသတင်း ပေးပို့မှုများကို BBC က အမှန်၊ အမှား အတည်ပြုခြင်း မရှိဘဲ ထပ်ဆင့်လိမ်ညာထုတ်လွှင့်ခဲ့ပါတယ်။ မုသာဝါဒီတွေရဲ့ လုပ်ကြံပြီး ဖြောင်လိမ်တဲ့ သတင်းထုတ်လွှင့်မှုများဟာ မရယ်ရတဲ့ဟာသများလိုပဲ ကြားရသူအပေါင်း အာရုံနောက် ခဲ့ရပါတယ်။

ယခုတစ်ခေါက်မှာလည်း မြန်မာတို့၏ နှစ်သစ်ကူးကာလ မင်္ဂလာယူနေချိန်မှာ BBC သတင်းဌာနက မရယ်ရတဲ့ဟာသ သတင်းများကို စိစစ်ခြင်းမရှိဘဲ လေလှိုင်းကတစ်မျိုး၊ အင်တာနက်စာမျက်နှာများကတစ်ဖုံ အမျိုးစုံ တဖန်ဖန်တလဲလဲ ထုတ်လွှင့်ခဲ့ပြန်ပါတယ်။ သူတို့ရဲ့ လုပ်ကြံသတင်းတွေကို လေ့လာကြည့်ရင် ပြည်တွင်းက သတင်းပေးပို့ပါတယ်ဆိုတဲ့ အတုအယောင် တပ်မတော်သားဆိုသူများရဲ့ ပြောကြားမှုက တစ်လိမ်၊ ဆွန်ခလာဘူရီက BBC သတင်းထောက် ဦးသန်းရဲ့ ပြောဆိုချက်များက နှစ်လိမ်ဖြစ်နေပြီး တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်နေတဲ့ သတင်းမှားများသာ ဖြစ်ပါတယ်။ တပ်မတော်သားအချင်းချင်း သွေးကွဲစေရန်နှင့် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် အဓိကလုပ်ဆောင်နေခြင်းဖြစ်ပြီး အနိမ့်ဆုံး အဆင့် ကောလာဟလများနဲ့ အများပြည်သူ စိုးရိမ်ထိတ်လန့်စေရအောင် သတင်းမှားများ ရည်ရွယ်ထုတ်လွှင့်နေခြင်းဖြစ်ပါတယ်။

တပ်မတော်ဖြိုခွဲရေး မဟုတ်မမှန် လုပ်ကြံသတင်းများအနက် ဧပြီလ ၁၄ရက်နေ့ ညပိုင်းက BBC ထုတ်လွှင့်ချက်မှာ "အင်္ဂါနေ့ ည ၈ နာရီလောက်မှာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီအခြေချ အမှတ်(၄) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်လက်အောက်ခံ တိုက်ကြီးမြို့မှာရှိတဲ့ ခမရ(၇၀၉) တပ်ဖွဲ့ တချို့နဲ့ ခမရ(၇၁၀) ပူးပေါင်းတပ်ကို ရန်ကုန်တိုင်းအထူးတပ်တွေက ဝင်ရောက်ပစ်ခတ်ရာမှာ သုံးဦး ပြင်းထန်စွာဒဏ်ရာရရှိသွားတယ်လို့ ခမရ(၇၀၉)က တပ်ကြပ်ကြီးတစ်ဦးက BBC ကို ပြောပါတယ်"ဆိုပြီး အသံနဲ့ တစ်မျိုး၊ အင်တာနက်မှတစ်ဖုံ ဖြောင်လိမ်ပြီး ထုတ်လွှင့်ခဲ့ပါတယ်။

ဒီသတင်းထုတ်လွှင့်ချက်ဟာ လုံးဝ(လုံးဝ) မှန်ကန်မှုမရှိပါဘူး။ သတင်းအကြောင်းအရာ မှန်ကန်မှုမရှိသလို၊ တပ်တည်နေရာနဲ့ သတင်းမှာ ပါရှိတဲ့ လူပုဂ္ဂိုလ်များဟာလည်း တလွဲတချော်တွေသာဖြစ်ပါတယ်။ လုပ်ကြံသတင်းကိုတောင် ယုတ္တိရှိရှိ မဖန်တီးနိုင်တော့တဲ့ ကမ္ဘာကျော် မီဒီယာ သတင်းဌာနကြီးရဲ့ ရပ်ပျက်ဆင်းပျက်နိုင်လှတဲ့ သတင်းထုတ်လွှင့်ချက်များ ဖြစ်ပါတယ်။ သတင်းထဲမှာဖော်ပြထားတဲ့ ခမရ(၇၀၉)နဲ့ ခမရ(၇၁၀)တို့ဟာ တပ်နံပါတ်အရ ကပ်လျက်ဖြစ်ပေမယ့် မြေပြင်မှာ တပ်တည်နေရာများက တခြားစီဖြစ်ပါတယ်။ ခမရ(၇၀၉) ဟာ လှည်းကူးမြို့နယ်အတွင်းမှာရှိပြီး ခမရ(၇၁၀)ဟာ တိုက်ကြီးမြို့နယ်အတွင်းမှာ ရှိပါတယ်။ တပ်ရင်း နှစ်ရင်းစလုံးဟာ နှစ်သစ်ကူးတဲ့ မင်္ဂလာအချိန်မှာ တပ်ရင်းမိသားစုများရဲ့ အစီအစဉ်များနဲ့ နေ့စဉ် စတုဒိသာများ တိုက်ကျွေးပြီး ပျော်ရွှင်စွာ ရေကစားလျက်ရှိပါတယ်။ ပစ်ခတ်ဖို့နေနေသာသာ စစ်သည်အချင်းချင်း စကားများ ရန်ဖြစ်တာတောင်မရှိဘဲ မည်သည့်ကိစ္စရပ်များမှ တောင်းဆိုခြင်းမရှိကြောင်း သိရှိရပါတယ်။

တပ်ရင်းမိသားစုများဟာ BBC ကို နားထောင်ခြင်းမရှိသလို BBC ရဲ့ လုပ်ကြံဇာတ်လမ်းဆင် တိုက်ပွဲဝင်သတင်းများကို သိတောင်မသိခဲ့ပါဘူး။ တာဝန်ရှိသူများက တပ်တွင်းမှာဆွေးနွေးပွဲလုပ်ပြီး ပြည်ပမီဒီယာများရဲ့ တပ်မတော်ဖြိုခွဲရေး သတင်းမှားများကို ရှင်းပြမှသာ သိရှိခဲ့ကြပါတယ်။ ဒါ့ကြောင့်မို့ တပ်မတော်သားမိသားစုများဟာ BBC က အတင်း လုပ်ကြံဖန်တီး ဇာတ်လမ်းဆင်ထုတ်လွှင့်ခဲ့တဲ့ အကြောင်းအရာများကို နားကြားပြင်းကတ်ပြီး အော့နှလုံးနာလျက်ရှိပါတယ်။

အလားတူပဲ BBC အသံလွှင့်ဌာနက မတ်လ ၂၉ ရက်၊ မတ်လ ၃၁ရက်၊ ဧပြီလ ၁၅ ရက်နေ့များမှာ မှော်ဘီအခြေစိုက် ခလရ(၉၁)နဲ့ ပတ်သက်ပြီး လုပ်ကြံသတင်းများ ထုတ်လွှင့်ခဲ့ပြန်ပါတယ်။ ဒီသတင်းများမှာလည်း တပ်ရင်းမှူးအမည်ကိုတောင် မှန်ကန်အောင်မဖော်ပြနိုင်ဘဲ ဖြောင်လိမ်ပြီး လုံးဝမရှိခဲ့တဲ့ဖြစ်စဉ်တွေကို အမှန်တကယ်ဖြစ်သယောင်ယောင် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ မုသာဝါဒ သတင်းဌာနတို့ရဲ့ ထုံးစံအတိုင်း အမည်မဖော်လိုတဲ့ တပ်ကြပ်ကြီးတစ်ဦးဆိုပြီး ဇာတ်လိုက်ကျော် လူညာကြီး ဦးသန်းရဲ့ ဖြောင်လိမ်တဲ့ အတင်းဖန်တီးမှုများသာ ဖြစ်ပါတယ်။

လူညာကြီး ဦးသန်းနဲ့ ဖြောင်လိမ်တတ်တဲ့ BBC သတင်းဌာနတို့ရဲ့ ဧပြီလ ၁၅ ရက် ညပိုင်းထုတ်လွှင့်ချက်အရ "ပြီးခဲ့သည့် ဧပြီလ ၁၃ ရက် (ဗုဒ္ဓဟူးနေ့)မနက်က တပ်ရင်းပြင်ပက လုံခြုံရေးတပ်ဖွဲ့တွေရဲ့ ပစ်ခတ်မှုကြောင့် ခလရ(၉၁) တပ်ခွဲမှူး ဗိုလ်ကြီးအောင်မျိုးမင်း ကျဆုံးသွားတယ်လို့ အဲ့ဒီတပ်က တပ်သားတစ်ယောက်က BBC ကို ပြောပါတယ်။ တပ်ဝင်းအပြင်ကိုထွက်သွားပြီး ၁၅ မိနစ်အကြာမှာ ပစ်ခတ်သံတွေကြားရပြီးတဲ့နောက် တပ်ရင်းမှူးက တာဝန်ကျတပ်သားတွေကို သွားရောက်စစ်ဆေးခိုင်းတော့ တပ်ခွဲမှူး ဗိုလ်ကြီးအောင်မျိုးမင်းကို တပ်ရင်းရဲ့ နောက်ဖေးခြံစည်းရိုးအပြင်ဘက် ကိုက် ၁၅၀ လောက်အကွာမှာ သူ့ရဲ့ပစ္စတိုကိုင်ထားလျက်နဲ့ သေဆုံးနေတာ တွေ့ကြရတယ်လို့ အဲ့ဒီနေရာကို သွားရောက်ရှင်းလင်းခဲ့တဲ့ ခလရ(၉၁)တပ်သားက ပြောပါတယ်" ဆိုပြီး ဇာတ်လမ်းမနာ နာအောင် အလွမ်းဇာတ်လမ်းလေး ဖန်တီးခဲ့ပါတယ်။

တပ်ရင်းပြင်ပလုံခြုံရေးတပ်မှ ပစ်ခတ်လို့ တပ်ခွဲမှူး ဗိုလ်ကြီးအောင်မျိုးမင်း ကျဆုံးသွားတယ်ဆိုပြီး အမည်နာမနဲ့ ခပ်တည်တည် သတင်းဖော်ပြထားလို့ မသိတဲ့သူတွေက အဖြစ်မှန်လို့ ထင်သွားနိုင်ပါတယ်။ ဒါပေမယ့် ခလရ(၉၁)မှာ ဗိုလ်ကြီးအောင်မျိုးမင်းဆိုတဲ့ အမည်တူတောင်မရှိတာကို သိတဲ့သူများအနေနဲ့ BBC ရဲ့ သတင်းဟာ ဘယ်လောက်ထိ အောက်တန်းကျပြီး လွဲချော်နေသလဲဆိုတာ မြင်တွေ့သိရှိနိုင်ပါတယ်။

ဒီလို BBC က ဖြောင်လိမ်တဲ့သတင်းတွေကို ဆန့်ကျင်ဘက် အင်တာနက်သတင်းစာမျက်နှာတွေက သံယောင်လိုက်ပြီး ထုတ်ပြန်ချက်တွေထုတ်၊ ထပ်ဆင့်လုပ်ကြံသတင်းတွေ ဖန်တီးပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေမှာရှိတဲ့ တပ်မတော်သားတွေကို သွေးခွဲလှုံ့ဆော်မှုတွေ လုပ်လာနေပါတယ်။

မုသာဝါဒီများရဲ့ လုပ်ကြံဖန်တီးထုတ်လွှင့်တဲ့ သတင်းအမှားများကို မြန်မာပြည်သူအများနဲ့ တပ်မတော်သားများက လုံးဝယုံကြည်မှု မရှိသလို သူတို့ရဲ့ အဓိကရည်ရွယ်ချက်ဖြစ်တဲ့ တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားစေမယ့် လုပ်ကြံဖန်တီးမှုများဟာ ထိရောက်မှုမရှိပါဘူး။ မရယ်ရတဲ့ ဟာသကို နားထောင်လိုက်ရသူဟာ ဟာသလုပ်သူကို အမြင်ကတ်သလို ယုတ္တိမရှိတဲ့ လုပ်ကြံမှုကို သိလိုက်ရတဲ့သူဟာ လုပ်ကြံဖန်တီးသူကို စက်ဆုပ်ရွံရှာပါတယ်။

ယနေ့ကာလမှာ တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိပါတယ်။ ဒီလို ခေတ်မီတပ်မတော်တစ်ခုအဖြစ် တည်ဆောက်နိုင်မှ ပြည်သူကြားက ပေါက်ဖွားလာတဲ့တပ်မတော်ဟာ သမိုင်းကြောင်း အစဉ်အလာအတိုင်း နိုင်ငံတော်က ယုံကြည်အားကိုးရတဲ့ တပ်မတော်၊ နိုင်ငံတကာက လေးစားရတဲ့ တပ်မတော်အဖြစ် ရောက်လာမှာဖြစ်ပြီး အရေးကြုံလာရင် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်နိုင်ငံ ကိုယ့်ပြည်သူတွေကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

တပ်မတော်ဟာ သမိုင်းပေးတာဝန်အရ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သလို ဘက်ပေါင်းစုံမှာ အခြေခံကောင်းတွေ တည်ဆောက်ပေးပြီး သမိုင်းမော်ကွန်းတင်ရမယ့် ခေတ်ပြောင်း၊ စနစ်ပြောင်းကို သိမ်မွေ့ညင်သာစွာ ကူးပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ တပ်မတော်ရဲ့ မူလတာဝန်ဖြစ်တဲ့ တာဝန်ကြီးသုံးရပ်အပြင် လိုအပ်လို့ ထမ်းဆောင်ခဲ့ရတဲ့ နိုင်ငံရေးတာဝန်များကို အောင်အောင်မြင်မြင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့တာဟာ တပ်တွင်းစည်းလုံးညီညွတ်မှုကြောင့်ပဲ ဖြစ်ပါတယ်။

ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တပ်မတော်ဟာ မျိုးဆက်သစ်ခေါင်းဆောင်များရဲ့ ဦးဆောင်မှုနဲ့ စည်းလုံးညီညွတ်စွာ ကျစ်လျစ်သိပ်သည်းမှုရှိတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်မြဲရေးအတွက် တပ်မတော်သားတွေဟာ အသက်၊ သွေး၊ ချွေးပေါင်းများစွာနဲ့ ပေးဆပ်ပြီး ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။

ဒါ့အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာမှာ တပ်မတော်ဟာ ပင်မစွမ်းအားကြီးဖြစ်တဲ့အတွက် တပ်မတော်အင်အားရှိအောင်၊ တပ်မတော်မပြိုကွဲရလေအောင် နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စုပေါင်းစွမ်းအားဟာ တစ်သွေးတည်း တစ်သားတည်း ဖြစ်တည်နေပါတယ်။ ဒီလိုဖြစ်တည်မှုကို မလိုလားတဲ့ အဖျက်အမှောင့်သမားများက မီဒီယာနည်းလမ်းသုံးပြီး နှောင့်ယှက်တိုက်ခိုက်နေခြင်းကို အသိတရားနဲ့ယှဉ်ပြီး သတိတရားနဲ့ အမှန်၊ အမှား ခွဲခြားနိုင်ကြပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူအတွက် အသက်ခန္ဓာကို စွန့်လွှတ်ရန် သစ္စာပြုထားတဲ့ တပ်မတော်သားများဟာ စိတ်ဓာတ်နဲ့ စည်းကမ်းကောင်းမွန်အောင် လေ့ကျင့်ထားသူများဖြစ်လို့ လေလှိုင်းကနေ သွေးခွဲတာတွေကို နားမယောင်ဘဲ စက်ဆုပ်ရွံရှာလျက်ရှိပါတယ်။

ဒီလို မဟုတ်မမှန် လုပ်ကြံသတင်းများကို ဖန်တီးနေတဲ့ ပြည်ပအဖျက်အမှောင့်သမားတွေဟာ နည်းလမ်းမျိုးစုံနဲ့ ပြည်တွင်းကသတင်းများကို ရယူပြီး အမှန်၊ အမှား စိစစ်ခြင်းမရှိဘဲ သူတို့ဖြစ်ချင်တဲ့ပုံစံကို ကလိမ်စေ့ငြမ်းဆင်ပြီး ထပ်ပြန်တလဲလဲ ထုတ်လွှင့်လေ့ရှိပါတယ်။ အထူးသဖြင့် တပ်မတော်ကနေ အကြောင်းအမျိုးမျိုးကြောင့် ထွက်ရသူများကို သတင်းပေးများအဖြစ် စည်းရုံးပြီး တပ်မတော်ဖြိုခွဲရေးကို တစိုက်မတ်မတ် လုပ်ဆောင်နေတာ သတိပြုရမှာ ဖြစ်ပါတယ်။

ဒီလို လုပ်ကြံဇာတ်လမ်းများထုတ်လွှင့်ပြီး တပ်မတော်ဖြိုခွဲရေးလုပ်နေတဲ့ အဖွဲ့များကို ဒေါ်လာငွေထောက်ပံ့ပေးနေတဲ့ National Endowment For Democracy (NED) အဖွဲ့ရဲ့ ဆောင်ရွက်ချက်များကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၆ ရက်နေ့ နေ့စဉ်ထုတ် သတင်းစာများမှာ ဆောင်းပါးရှင် မျိုးချစ်မောင်က ထုတ်ဖော်ရေးသားခဲ့ပြီးဖြစ်ပါတယ်။ အစိုးရဆန့်ကျင်ရေး မီဒီယာအမျိုးမျိုးကို ဒေါ်လာထောက်ပံ့ပေးနေတဲ့ အဖွဲ့အစည်းများရှိနေသလို မီဒီယာအမျိုးမျိုးကလည်း ဒေါ်လာရရှိရေးအတွက် ထောက်ပံ့ပေးသူများအကြိုက် အစိုးရဆန့်ကျင်ရေး၊ တပ်မတော်ဖြိုခွဲရေး သတင်းအမျိုးမျိုးကို ယခုကဲ့သို့ လုပ်ကြံသတင်းများဖန်တီးပြီး မကြာခဏ ထုတ်လွှင့်နေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒီလို လုပ်ကြံသတင်းတွေ ထုတ်လွှင့်နိုင်ရန် ပြည်ပနိုင်ငံအသီးသီးမှာ ရောက်ရှိနေတဲ့ သစ္စာဖောက်စစ်ပြေးများဟာ NED အဖွဲ့နှင့် ချိတ်ဆက်ပြီး ပြည်ပရောက် မျိုးချစ်စစ်သည်ဟောင်းများအဖွဲ့ Patriotic War Vcterans of Burma(PWVB) ကိုအမည်ခံဖွဲ့စည်းခဲ့ပါတယ်။ ဒီအဖွဲ့ဟာ ဝရမ်းပြေး သစ္စာဖောက်များပီပီ သစ္စာမဲ့စွာဖြင့် တပ်မတော်အတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေရေး ရည်ရွယ်ချက်နဲ့ သွေးခွဲလှုံ့ဆော်မှုများကို တစိုက်မတ်မတ် လုပ်ဆောင်နေပြီး အနောက်မီဒီယာများအကူအညီဖြင့် မဟုတ်မမှန် လုပ်ကြံသတင်းများကို လေလှိုင်းနဲ့ အင်တာနက်စာမျက်နှာများမှာ ဟန်ချက်ညီ ဖော်ပြလျက်ရှိနေပါတယ်။

PWVB အဖွဲ့ဝင်အများစုဟာ ၎င်းတို့ကိုယ်တိုင် ရောက်ရှိရာ နိုင်ငံများမှာ ဒုက္ခသည်လိုလို၊ ဝရမ်းပြေးလိုလိုနဲ့ ပုန်းလျှိုးကွယ်လျှိုး နေထိုင်နေရပြီး အင်တာနက် Online မှတစ်ဆင့် ပြည်တွင်းက သတင်းများရရှိရေး၊ လက်ရှိတာဝန် ထမ်းဆောင်နေတဲ့ တပ်မတော်သားများကို ဖွဲ့ထုတ်စည်းရုံးရေးလုပ်ငန်းများကို နောက်ကွယ်က ဆရာကြီးများရဲ့ စေခိုင်းချက်အရ လုပ်ကိုင်လျက်ရှိနေပါတယ်။ ဒါ့အပြင် ယုံကြည်ချက်၊ ခံယူချက်အားနည်းပြီး တပ်မတော်က ချမှတ်ထားတဲ့စည်းကမ်းများကို မလိုက်နာနိုင်လို့ တပ်မတော်မှ ထွက်ပြေးသွားသူတွေကို တစ်ဖက်နိုင်ငံနယ်စပ်မှာ စည်းရုံးပြီး ဖောက်ခွဲဖျက်ဆီးရေးအပါအဝင် အဖျက်အမှောင့်လုပ်ငန်းများကို တာဝန်ပေး စေခိုင်းလေ့ရှိပါတယ်။

အမှန်စင်စစ် PWVB အဖွဲ့ဝင်အများစုဟာ ပြစ်မှုတစ်စုံတစ်ရာကြောင့် စိတ်ဓာတ်ပျက်ပြားပြီး မြန်မာ့တပ်မတော်ကနေ ပြည်ပနိုင်ငံများကို ထွက်ပြေးရောက်ရှိနေသူများသာ ဖြစ်ပါတယ်။ တပ်မတော်မကောင်းကြောင်း သတင်းဖြစ်ရင် ငွေကြေးထောက်ပံ့မှုရနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ကိုယ်သိထား၊ တတ်ထားတာလေးတွေကို ပုံကြီးချဲ့ပြီး မဟုတ်တမ်းတရမ်းတွေပြောပြီး ရပ်တည်နေကြရရှာပါတယ်။ ကိုယ်စီကိုယ်စီ မကောင်းတဲ့ အကျင့်စရိုက်ရှိသူများပီပီ ပြည်ပမှာ စုစည်းမိတော့လည်း ဒေါ်လာနဲ့ ပတ်သက်လာရင် တစ်ဦးအပေါ်တစ်ဦး ဖြတ်စားလျှပ်စားလုပ်ပြီး ကိုယ့်အချင်းချင်း သတင်းကိုတောင် သက်ဆိုင်ရာကို ရောင်းစားတဲ့အထိ သစ္စာမဲ့သူများ ဖြစ်ပါတယ်။

ဝရမ်းပြေးသစ္စာဖောက်များဟာ သူတို့အတွက် ထောက်ပံ့ကြေးရရှိအောင်၊ သူတို့မှီခိုနေရတဲ့ တိုင်းပြည်မှာ အနေအစားချောင်အောင် နိုင်ငံရေးဒုက္ခသည်အဖြစ် ပုံဖော်ဖန်တီးနိုင်ဖို့အတွက် ယခုလို မဟုတ်မမှန်တဲ့သတင်းများကို များများဖန်တီးပေးလေ့ရှိပါတယ်။ ဒါကို ကမ္ဘာကျော် သတင်းဌာနကြီးပါဆိုတဲ့ BBC သတင်းဌာန က ဒေါ်လာစားတွေက သိသိချည်းနဲ့ ထပ်ဆင့်လိမ်ညာထုတ်လွှင့်နေပြန်ပါတယ်။

ဒါ့ကြောင့်မို့ တပ်မတော်နဲ့ပတ်သက်လို့ တစ်လိမ်ပေါ် နှစ်လိမ်ဆင့်ပြီး ပွေလိမ်ရှုပ်နေတဲ့ သတင်းအမှားများကို တပ်မတော်သားများက ယုံကြည်မှုမရှိပါ ကြောင်းနဲ့ ဖြောင်လိမ်ပြန်တဲ့ BBC ရဲ့ သတင်းအမှားများကြောင့် ပြည်သူအများအနေဖြင့် စိုးရိမ်ထိတ်လန့်စရာ မလိုအပ်ပါကြောင်း အသိပေးလိုက်ရပါတယ်ခင်ဗျား။ ။

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

ဘရာဇီးရုပ်ရှင်မင်းသမီး ကာရိုလိုင်းဘန်ချန်၏ဘဝပုံရိပ်

နယူးယောက် မေ ၄

ဘရာဇီးနိုင်ငံမှ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးနှင့် စူပါမော်ဒယ်လ် ဖြစ်သူ ကာရိုလိုင်းဘန်ချန် (ယာပုံ)သည် မေ ၂ ရက်က နယူးယောက်မြို့၌ ကျင်းပသည့် မော်ဒယ်လ်နှင့် ဖက်ရှင်ပြပွဲသို့ တက်ရောက်ခဲ့သည်။

၄င်းဖက်ရှင်ပြပွဲတွင် ဖက်ရှင်ဒီဇိုင်းဆန်းသစ်မှုအရှိဆုံး မော်ဒယ်လ် ဖြစ်ခဲ့သည်။ ကမ္ဘာပေါ်တွင် အချမ်းသာဆုံး မော်ဒယ်လ်စာရင်းဝင် တစ်ဦး ဖြစ်သည့်အပြင် ကိုယ်ပိုင်ဟိုတယ်နှင့် ကိုယ်ပိုင်မော်ဒယ်လ်အေဂျင်စီ ပိုင်ဆိုင်သူ လည်းဖြစ်သည်။ အသက် ၃၁နှစ်အရွယ်ရှိ ကာရိုလိုင်းဘန်ချန်သည် အညို ရောင်ဖျော့ဖျော့ဆံပင်၊ အပြာရောင်မျက်လုံး၊ ကျော့ရှင်းအချိုးကျသော ခန္ဓာကိုယ်ဖွဲ့စည်းမှုနှင့် ငါးပေ ၁၁ လက်မခန့်မြင့်သည့် အရပ်အမောင်းတို့က ဆန့်ကျင်ဘက်ပုရိသများကို ဆွဲဆောင်မှုအပြည့်ရှိနေသည်။ ရုပ်ရှင်ဇာတ်ကား များ၌ ပါဝင်သရုပ်ဆောင်ထားမှုတွင်လည်း ၂၀၀၄ ခုနှစ်က ရိုက်ကူးခဲ့သော Leader ၊ Vanessa ၊ Taxi ဇာတ်ကားတို့မှာ အောင်မြင်မှုများရရှိခဲ့ပြီး ပရိသတ်အားပေးခြင်းခံရသည်။ ထို့အပြင် The Devil Wears Prada ဇာတ်ကားမှာလည်း လူကြိုက်များခဲ့သည်။ ကာရိုလိုင်းဘန်ချန်သည် မော်ဒယ်လ်အဖြစ် လုပ်ကိုင်ခဲ့ရာတွင် ၂၀၀၄ခုနှစ်၌ ကမ္ဘာပေါ်တွင် အနုပညာ လုပ်ငန်းဖြင့် ၁၆ဦးမြောက် ငွေကြေးအချမ်းသာဆုံးမော်ဒယ်လ်တစ်ဦးဖြစ်ခဲ့ သည်။

<u>*ဝင်ငွေ*</u>

သူမသည် ဘရာဇီးနိုင်ငံတောင်ပိုင်းတွင် ဟိုတယ်တစ်လုံးပိုင်ဆိုင် ထားသည်။ ၂၀၀၇ခုနှစ်တစ်နှစ်တည်း၌ပင် မော်ဒယ်လ်၊ မဂ္ဂဇင်းမျက်နှာဖုံး စသည့် အနုပညာအလုပ်တို့မှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃၃သန်းရရှိခဲ့သည်။ ထို့ကြောင့်ဖောဘတ်မဂ္ဂဇင်းက ပြုစုသောစာရင်းအရ၂၀၀၇ခုနှစ်၌ကမ္ဘာ့ဝင်ငွေ အကောင်းဆုံး မော်ဒယ်လ် ၁၅ဦးတွင် ထိပ်ဆုံးစာရင်းဝင်ဖြစ်ခဲ့သည်။ ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅သန်းရရှိခဲ့ရာ ကမ္ဘာပေါ်၌ ဝင်ငွေ အကောင်းဆုံးစာရင်းဝင် မော်ဒယ်လ်ပင်ဖြစ်သည်။

ကာရိုလိုင်းဘန်ချန်သည် အမေရိကန် ရုပ်ရှင်သရုပ်ဆောင် လီယိုနာဒို ဒီကတ်ပရီရိုနှင့် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၅ခုနှစ်အထိ တွဲခဲ့သော်လည်း ၂၀၀၉ ခုနှစ်၌ အင်္ဂလန်မှ တွမ်ဘရာဒီနှင့် လက်ထပ်ခဲ့သည်။ သားတစ်ဦး မွေးထား သော်လည်း ပရိသတ်အားပေးမှုအရှိဆုံးသရုပ်ဆောင်နှင့် မော်ဒယ်လ်တစ်ဦး အဖြစ် ရပ်တည်နေဆဲဖြစ်သည်။ *(အင်တာနက်)*

အီရန်ရုပ်ရှင်ငါးကား ကိန်းစ်ဈေးကွက်သို့ တင်သွင်းမည်

တီဟီရန် မေ ၄

ကိန်းစ်ရုပ်ရှင်ဈေးကွက်သို့ ၂၀၁၁ ခုနှစ်အတွင်း အီရန်ရုပ်ရှင်ကား ငါးကားကို တင်သွင်းခွင့်ပြုရန် အီရန်ရုပ်ရှင်ထုတ်လုပ်သူများက တောင်းဆို ထားကြောင်း အီရန်ရုပ်ရှင်လုပ်ငန်းက မေ ၃ ရက်၌ သတင်းထုတ်ပြန်သည်။

၄င်းရုပ်ရှင်ကားများမှာ The 9/11 Black Box၊ Passion of Charlie၊ Paradise is Here၊ Moonlight on the Platform နှင့် Endless ဇာတ်ကားများဖြစ်သည်။ ကိန်းစ်ဈေးကွက်အတွင်း ၄င်းရုပ်ရှင် ဇာတ်ကားများကို ဖြန့်ချိနေသည့်ကာလ၌ ပရိသတ်များအား အဆိုပါ ရုပ်ရှင် ဇာတ်ကားများအား မိတ်ဆက်သည့်အနေဖြင့် ရှိုးပွဲနှစ်ကြိမ် ပြသွားမည်ဖြစ် သည်။ ၂၀၁၁ခုနှစ် ကိန်းစ်ရုပ်ရှင်ဈေးကွက်ကို မေ ၁၁ ရက်မှ ၂၂ ရက် အထိ ဖွင့်လှစ်မည်ဖြစ်ရာ ၄င်းဇာတ်ကားများကို တင်သွင်းရန် စီစဉ်လျက်ရှိ သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ —— စုစည်းသည်

ဟောလိဝုဒ်ရုပ်ရှင်မင်းသား ချာလီရှင်း ဇနီးဖြစ်သူ ဘရွတ်ကီးမူလာနှင့် ကွာရှင်းပြီ

လော့စ်အိန်ဂျလိစ် မေ ၄

ဟောလိဝုဒ်ရုပ်ရှင်မင်းသား ချာလီရှင်းနှင့် ဇနီးဖြစ်သူဘရွတ်ကီးမူလာ ***(အောက်ပုံ)****တို့ မေ ၂ ရက်၌ တရားဝင် ကွာရှင်းပြတ်စဲလိုက်ကြပြီဖြစ်သည်။*

၄င်းတို့နှစ်ဦးသည် ၂၀၀၈ ခုနှစ် မေ ၃၀ ရက်က လက်ထပ်ခဲ့ကြ သော်လည်း ၂၀၀၉ ခုနှစ် ခရစ္စမတ်ကာလ၌ပင် သီးခြားစီနေထိုင်ခဲ့ကြသူ များဖြစ်သည်။ ထိုသို့ သီးခြားစီနေထိုင်ခဲ့ကြခြင်းမှာလည်း ဘရွတ်ကီးမူလာ အား ချာလီရှင်းအနေဖြင့် ကိုယ်ထိလက်ရောက်ရိုက်နှက်ခဲ့သည့် စွပ်စွဲမှုကြောင့် ဖမ်းဆီးစစ်ဆေးခံခဲ့ပြီးနောက်ပိုင်း ခွဲနေခဲ့ကြခြင်းဖြစ်သည်။ချာလီရှင်းနှင့် ဘရွတ်ကီးမူလာတို့ ပေါင်းသင်းခဲ့ရာတွင် နှစ်နှစ်အရွယ် သားတစ်ဦးရရှိခဲ့ပြီး ယခုအခါ မိခင်ဖြစ်သူ ဘရွတ်ကီးမူလာကပင် အုပ်ထိန်းသူအဖြစ် ပြုစု စောင့်ရှောက်သွားမည်ဖြစ်သည်။

ရုပ်ရှင်မင်းသား ချာလီရှင်းက ကလေးစရိတ်အဖြစ် တစ်လလျှင် အမေရိကန်ဒေါ်လာ ၅၅၀၀၀ ထောက်ပံ့ရမည်ဖြစ်သည်။ ဘရွတ်ကီးမူလာ အနေဖြင့်လည်း ၄င်းတို့နှစ်ဦးပိုင် နေအိမ်တန်ဖိုးဝေစုအတွက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ သန်းနှင့် ၂၀၀၉ ခုနှစ် မော်ဒယ်လ် မာစီဒီးကားတစ်စီး ရရှိသည့်အပြင် ထောက်ပံ့ကြေး အမေရိကန်ဒေါ်လာ ၇၅၇၆၉၈ကျော် ရရှိ မည်ဖြစ်သည်။ ***(အင်တာနက်)***



နိုင်ငံတကာအားကစား

ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ ဘာစီလိုနာတက်ပြီ

မက်ဒရစ် မေ ၄

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ် အဖြစ် ဘာစီလိုနာနှင့်ရီးရဲမက်ဒရစ်တို့ မေ ၄ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် ဘာစီလိုနာတို့ နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်သည်။

သရေပွဲ

ဘာစီလိုနာတို့ အိမ်ကွင်း၌ ကစားကွက်အသာစီးဖြင့် ကစားနိုင်ခဲ့ပြီး ရီးရဲမက်ဒရစ်ဂိုးပေါက်ကို အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့သည်။ **(ဝဲပုံ)** ရီးရဲမက်ဒရစ်ဂိုးသမား ကာဆီးလက်စ် လက်စွမ်းပြကာကွယ်နိုင်၍သာ သရေပွဲဖြစ် ခဲ့ရခြင်းဖြစ်သည်။

ဘာစီလိုနာအတွက်ဂိုးကို ပွဲချိန် ၅၄မိနစ်၌ ပက်ဒရို က သွင်းယူပေးခဲ့ပြီး ရီးရဲမက်ဒရစ်အတွက် ချေပဂိုး ကို ၆၄ မိနစ်၌ မာစီလိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ နည်းပြမော်ရင်ဟို၏ ရီးရဲမက်ဒရစ်အသင်း ချန်ပီယံအိပ်မက် ပျက်ပြယ်ခဲ့ပြီ ဖြစ်သည်။ **(အင်တာနက်)**



ချက်တိုက်စစ်မှူး ပက်ဟက် နရင်ဘတ်အသင်းနှင့်စာချုပ်

ပါရာဗွေး မေ ၄

ချက်တိုက်စစ်မှူး ပက်ဟက်**(ဝဲပုံ)**အား ဂျာမန် ဘွန်ဒက်စ်လီဂါကလပ် နရင်ဘတ်အသင်းက လေးနှစ် စာချုပ်ဖြင့်ခေါ်ယူရန် မေ ၃ ရက်က သဘောတူ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ချက်ကလပ် ဂျာဘလိုနက်အသင်းမှ စပါတာ ပရာဟာအသင်းသို့ အငှားချထားသော ပက်ဟက်သည် နရင်ဘတ်အသင်းသို့ လာမည့်ဇူလိုင်၌ သွားရောက်ကစားတော့မည် ဖြစ်သည်။

<u>**သွားရောက်**</u>

ပက်ဟက်သည် အသက် ၂၁ နှစ်အောက် ချက်ဘောလုံးအသင်းတွင် အဓိကတိုက်စစ်မှူး ဖြစ်ပြီး အသက် ၁၆ နှစ်အရွယ်က ပရီမီယာလိဂ်စပါးအသင်း၌ သုံးနှစ်သွားရောက်ကစားခဲ့ဖူး သူဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလမှသာ ဂျာဘလိုနက်အသင်းသို့ ပြန်လည်ကစားခဲ့ခြင်းဖြစ် သည်။ **(အင်တာနက်)**

အားကစားသတင်းအတိုအထွာ

❑ ယခုနှစ်ဘောလုံးရာသီ၌ ၂၂ ဂိုးသွင်းယူထား သော ဆီနီဂေါတိုက်စစ်မှူး ဆစ်စီက ဘလက်ဘန်း ခေါ်ယူမည့် ကမ်းလှမ်းစာကို လက်ခံရရှိခဲ့သည်ဟု ဆစ်စီကပြောကြားသည်။

❑ မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်အား စာချုပ် ချုပ်ဆိုခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်မည်မဟုတ် ကြောင်း အင်တာမီလန်ကလပ်ဥက္ကဋ္ဌ မိုရက်တီက မေ ၄ ရက်၌ ထုတ်ဖော်ပြောကြားသည်။

❑ စပါးနှင့်အာဆင်နယ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော လက်ရှိဘာမင်ဂမ်ဂိုးသမား ဘင်ဖော် စတာက မိမိသည် မည်သည့်အသင်းသို့မျှ သွားရောက် ကစားမည်မဟုတ်ကြောင်းပြောကြားသည်။

❑ ဘိုင်ယန်မြူးနစ်အသင်းက မန်စီးတီးနောက်ခံ ကစားသမား ဘိုရာတန်အား ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းပေး၍ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း မန်စီးတီးကလပ်တာဝန်ရှိသူများက မေ ၄ ရက်၌ ထုတ်ဖော်ပြောကြားသည်။

❑ ဘရာဇီးအသင်း ကွင်းလယ်ကစားသမား ကာစီမီရိုအား စပါးအသင်းက ပြောင်းရွှေ့ကြေး ပေါင် ငါးသန်းပေး၍ ခေါ်ယူရန် ဆွေးနွေးနေကြောင်း စပါး ကလပ်က မေ ၄ ရက်၌ သတင်းထုတ်ပြန်သည်။

❑ ဘလက်ပူးလ်ကွင်းလယ်ကစားသမား ဒေးဗစ် ဘာတန်အား စတုတ်၊ ဝက်စ်ဘရွန်းနှင့် ဆန်းဒါးလန်း အသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။

❑ အာဆင်နယ်အသင်းသည် အန်ဒါလက် အသင်းမှ အသက် ၁၄ နှစ်အရွယ် ကွင်းလယ်တိုက်စစ်မှူး ချာလေမူ ဆန်ဒါအားခေါ်ယူရန် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း မေ ၄ ရက်၌ သတင်း ထုတ်ပြန်သည်။

❑ လာဇီယို၊ ရိုးမားနှင့်ဂျူဗင်းတပ်စ်အသင်းများ သည် စပါးတိုက်စစ်မှူး နီကိုကရန်ကာအား ခေါ်ယူနိုင်ရေး အပြိုင်ကြိုးစားလျက်ရှိပြီး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ် လျက်ရှိသည်။ *(အင်တာနက်)*

မီတာ ၁၅၀၀ အိုလံပစ်အပြေးချန်ပီယံကစ်ရော့ သတ်မှတ်စံချိန်မရလျှင် ပြိုင်ပွဲမဝင်ဟုပြောကြား

မောင်ချစ်ကြည် စုစည်းသည်

နိုင်ရိုဘီ မေ ၄

အိုလံပစ်မီတာ ၁၅၀၀ ချန်ပီယံ အက်စ်ဘယ်လ်ကစ် ရော့**(ယာပုံ)**က ယခုနှစ်အတွင်း လေ့ကျင့်ရာ၌ မီတာ ၁၅၀၀ ကို ၃ မိနစ် စက္ကန့် ၃၀ စံချိန်မရလျှင် နိုင်ငံတကာ ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း မေ ၄ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ကာတာနိုင်ငံ ဒိုဟာမြို့တွင်ကျင်းပမည့် ဆမ်ဆောင်း ဒိုင်းမွန်းပြိုင်ပွဲအတွက် အပြေးလေ့ကျင့်နေသော ကစ်ရော့ သည် လောလောဆယ်လေ့ကျင့်မှုမှတ်တမ်းများအရ မီတာ ၁၅၀၀ ကို ၃ မိနစ် ၃၁ ဒသမ ၂၀ စက္ကန့် စံချိန် ရရှိ ထားသည်။ မိမိသည် ၃ မိနစ် ၃၀ စက္ကန့် စံချိန်ရရှိအောင် လေ့ကျင့်ပြီး မီတာ ၅၀၀၀ နှင့် မီတာ ၁၅၀၀ ပြိုင်ပွဲများ၌ စံချိန်တင်နိုင်အောင် ကြိုးစားသွားမည်ဟု ၄င်းက ပြော ကြားသည်။ **(အင်တာနက်)**



ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် Mr. Ajay Chhibber သည် မေ ၂ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဓါတ်ပုံ) **(သတင်းစဉ်)**

ဆန်စပါး၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂ ရက် နံနက် ၈နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပသော ဆန်စပါး၊ ပဲမျိုးစုံ အထူးပြုကုမ္ပဏီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လယ်ယာကုန်ထုတ်အသင်းများ ဖွဲ့စည်းဆောင်ရွက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ဆန်စပါး၊ ပဲမျိုးစုံ အထူးပြုကုမ္ပဏီများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၃ရပ်ကွက် စိန်ပန်းမြိုင်လမ်းနေ ဒေါ်ညွန့်ရီမိသားစုက ထာဝရ အထွေထွေပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ ပါမောက္ခချုပ် ဒေါက်တာမေဝင်းအောင်ခင်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ်စည်ပင်)

နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် နွေရာသီဖိတ်ခေါ် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲများကို မေ ၂ ရက် ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက ပထမ၊ ဆိပ်ဖူးတောင် (က)အသင်းက ဒုတိယ၊ ကန္တာရဝတီ(ကယား)အသင်းက တတိယ၊ အမျိုးသားပြိုင်ပွဲတွင် သံလွင်အသင်းက ပထမ၊ VENOM အသင်းက ဒုတိယ၊ LEGACY (T.T.C) အသင်းက တတိယရရှိသွားကြပြီး အကောင်းဆုံး အားကစားသမားဆုကို အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းမှ မေနှင်းဆီလွင်နှင့် သံလွင်အသင်းမှ အောင်ရဲဂေါင်တို့က ရရှိကြသည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုရရှိကြသူများအား တစ်ဦးချင်းဆုများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြပြီး ပထမရရှိကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့်သံလွင်အသင်းတို့အား ရွှေသံလွင်ကုမ္ပဏီနာယက ဒေါ်နီက တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၅-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၃ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၃၀ ၅။ ဓမ္မပူဇာတေး
- ၇း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၇။ မြန်မာ့ရှုခင်း
- ၇း၄၅ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ ရန်သူမီး

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၃၅ ၇။ ဗွီစီဒီကျော်ကြားတေး
- ၄း၄၅ ၈။ မွေးမြူသုတ
- ၄း၅၀ ၉။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၅ ၁၀။ မီးသတိပေးနိုးဆော်ချက်
- ၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၆၂)
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၅။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၁၉)
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်း ကြယ်တစ်စင်း** (အပိုင်း-၅)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဒို့တာဝန်အရေး(၃)ပါး
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ **(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း ပေးဆပ်ခြင်းများစွာ** (အပိုင်း-၂) ဇာတ်သိမ်း
- ၂၄။ လျှပ်တစ်ပြက်
- ၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၁၀)
- ၂၇။ ဂီတရင်ခုန်သံ

လူသုံးကုန်နှင့်အလှကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်မည်

မန္တလေး မေ ၄

သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန (မန္တလေး)ရုံးခွဲက လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်နည်းပညာသင်တန်းကို (၁၀)ကြိမ်မြောက် ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းကာလမှာ မေ ၁၉ရက်မှ ၂၅ ရက်အထိဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (မန္တလေး)ရုံးခွဲ ၈၂×၂၅ လမ်းထောင့် အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၃၉၆၀၉၊ ၀၉-၂၀၀၀၇၃၀ တို့ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(စက်မှု/လက်မှုလုပ်ငန်း)**

တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် နန့်ဟူးရေပေးရေးလုပ်ငန်း ရေစက်ရုံမှ ရေပေးဝေမှုကို မေ ၂ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

လမ်းဘေးကျူးကျော်ဆိုင်ခန်းများ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ကောလင်းမြို့ ဈေးရုံရပ် အားကစားခန်းမအနီးတွင် ဆိုင်ခန်းများသည် အမိုးအကာများဖြင့် အဆောက်အအုံများ ဆောက်လုပ်ထားသောကြောင့် လမ်းပိတ်ဆို့ကာ ယာဉ်သွားယာဉ်လာခက်ခဲပြီး ယာဉ်အန္တရာယ် စိုးရိမ်ရလျက်ရှိရာ အဆိုပါ လမ်းဘေးကျူးကျော်ဆိုင်များကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်စိုးရိမ်သူ

ရေမြောင်းပိတ်ဆို့ လမ်းပေါ် ရေများလျှံ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် (၃)ရပ်ကွက် သံလျက်စွန်းလမ်း (မြောက်ဘက်ခြမ်း)၌ ရေမြောင်းများပိတ်ဆို့နေပြီး ကားလမ်းမပေါ်တွင် ရေများလျှံနေပါသဖြင့် လမ်းသွားလမ်းလာများအတွက် သွားလာရန် အခက်အခဲရှိပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်း ပြောင်းရွှေ့ပေးပါ

စာတည်းရှင့်-

မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက္ကနဲရပ် တောင်ကြီးလမ်းရှိ နေအိမ်တစ်အိမ်တွင် ပိတ်ရက်မရှိ ဆိုင်ကယ်ပြုပြင်လျက်ရှိရာ အဆိုပါဆိုင်ကယ်ပြင်လုပ်ငန်းမှထွက်ပေါ်လာသော ဆူညံသံများနှင့် မီးခိုးနံ့များကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်ကြသော သက်ကြီးရွယ်အိုများနှင့်ကလေးများ ကျန်းမာရေးထိခိုက်ပြီး စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါလုပ်ငန်းကို လူနေရပ်ကွက်အတွင်းမှ သင့်လျော်ရာသို့ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်နေသူ

ရွှေသန့်စင်လုပ်ငန်းမှ အနံ့ဆိုး မခံနိုင်

စာတည်းခင်ဗျား-

တောင်ငူမြို့နယ် သံတောင်လမ်း အမှတ်(၈)ရပ်ကွက် နေအိမ်တစ်အိမ်တွင် ရွှေသန့်စင်ခြင်းလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ၎င်းလုပ်ငန်းမှထွက်ရှိသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ၎င်းလုပ်ငန်းကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ကြက်ခြံမှအနံ့ဆိုးများ ရှင်းလင်းဆောင်ရွက်ပြီး

၂၅-၄-၂၀၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **မကွေးမြို့ သိင်္ဂါဂီရိရပ်ကွက် သီရိမင်္ဂလာလမ်းရှိ နေအိမ်တစ်အိမ်မှ အသားတိုးကြက်များ မွေးမြူပြီး အညစ်အကြေးများအား စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် အနံ့အသက်ဆိုးများထွက်ပေါ်လျက်ရှိရာ ကျန်းမာရေးထိခိုက်နေပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

5-5 (11).pmd 1 5/5/2011, 1:59 AM

၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင်တန်းဖြေဆိုထားသော ကျောင်းသူ/ ကျောင်းသားများ မိဘများအတွက်ကြိုတင်ပြင်ဆင်နိုင်ရန်

FREE CONSULTATION

နိုင်ငံတကာ တက္ကသိုလ်များ၏ နိုင်ငံတကာ အဆင့်ဘွဲ့ များကို ပြည်တွင်းမှာပင် တန်ကျစရိတ် သက်သာစွာဖြင့် သင်ယူနိုင်ရန်

MCC TRAINING INSTITUTE

- School of Computing မှ ကွန်ပျူတာ သိပ္ပံဘွဲ့များ
- School of Engineering မှ အင်ဂျင်နီယာ သိပ္ပံဘွဲ့များ
- School of Business Management မှ စီမံခန့်ခွဲမှု ပညာဘွဲ့များ
- School of Economics မှ စီးပွားရေး ပညာဘွဲ့များ
- School of Environment and Natural Resources Management မှ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်း စီမံခန့်ခွဲရေးဆိုင်ရာဘွဲ့များ

- Yatanarpon Campus - ကျောင်းအုပ်ကြီး - Mr. Chris Harrison
  02-78112, 02-78113, 02-78114
- Yangon Campus - ကျောင်းအုပ်ကြီး
  01-245762, 01-249152, CEO
  01-395512, 01-246634 CEO
- Mandalay Campus - ကျောင်းအုပ်ကြီး
  02-77930, 09-91034062 Dean

Booking

ဝဥမှုန့် (Mannam Powder)ရောင်းမည်

Phones : 0951-17072, 01-216784, 01-215452

KNOWLEDGE BANK Library

E-book Reader E-book Library

Ph : 386693 / 09-5046769

"စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများကို လက်တွေ့ကျကျသင်သည်။"

- Business Management (Mon to Fri: 7 to 9 am)
- Human Resource Management (Mon to Fri: 5:30 to 7:30 pm)
- Marketing Management (Mon to Fri: 1 to 3 pm)

Opening in May

Company

Ph : 386693/ 09-5046769

၁၉၉၄ ဒီဇင်ဘာကျောင်းပြီး

ရန်ကုန်တက္ကသိုလ်ဓာတုဗေဒ ကျောင်းသား/သူများအားလုံး ဒို့တစ်တွေ ပျော်ပျော်ရွှင်ရွှင်ပြန်ဆုံကြဖို့ စီစဉ်ထားပါတယ်။

၁၄-၅-၂၀၁၁ရက် ညနေ၅နာရီ Panda Hotel စားသောက်ဆိုင်ခန်းမ(A)၊မင်းရဲကျော်စွာလမ်းနှင့် ဝါးတန်းလမ်းထောင့်။

တက်ရောက်မယ့်သူငယ်ချင်းတို့ ၁၂-၅-၂၀၁၁ ရက် နောက်ဆုံးထား၍ စာရင်းပေးစေလိုပါတယ်။

ညီညီကျော် ဖုန်း-၀၉-၅၁၃၇၂၂၉၊ ဉာဏ်ထွန်း ဖုန်း-၀၉-၇၃၀၃၅၅၄၃၊ ဝင်းပပနွယ် (ဖောင်ကြီးပပ) ဖုန်း-၀၉-၇၃၀၇၅၉၇၅၊ ကြည်ကြည်အေး ဖုန်း-၀၉-၅၀၈၆၂၅၄၊ နိုင်နိုင်ဦး(RC-1) ဖုန်း-၀၉-၅၁၉၆၄၃၃၊ ၀၁-၅၀၄၅၈၃၊ ဇော်ဝင်း ဖုန်း-၀၉-၇၃၀၀၈၂၂၀။

Olive Ph: 0973163837

(EPS-Topik)

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ် (၁၄၄)၊ ဦးပိုင်အမှတ် (၃-ခ)(ခဲစင်း)၊ ၈၃လမ်း၊ ၁၈လမ်းထောင့် မောင်သိန်း၊ ဦးသူကျော်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးခင်မောင်မြင့် ၉/မနမ(နိုင်)၀၄၄၂၉၇၊ ဒေါ်ဝင်းဝင်း ၉/မနမ(နိုင်)၀၄၄၂၉၆တို့က အမှုတွဲအမှတ် ၀၅၅၉/ဘ(ခွဲ/ပြောင်း)၂၀၁၀-၂၀၁၁ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဘိုးဘပိုင် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အမည်ပြောင်း

ဦးညွှန့်မောင်၏သမီး၊ တောင်ငူ အထက-၁ တက္ကသိုလ်ဝင်တန်းမှ မမြသီတာအား ယနေ့မှစ၍ မသီတာဟန်ဟု ပြောင်းလဲခေါ်ပါရန်။

သီတာဟန်(တောင်ငူ)။

Car Rental

ipad 2 New Unopened 16 G B Wifi + 3 G

ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်-ဖုန်း-၀၉-၉၈၂၅၄၄၄၊ ၀၉-၈၆၁၁၈၂၅။

ပြင်ဆင်ပြီး Condo တိုက်ခန်းရောင်းရန်ရှိသည်

အကျယ်အဝန်း 1750 sqft/1 MBR/2 BR/5 AC/View အလွန်ကောင်း၊ ရွှေတိဂုံဘုရားနှင့် ကျိုက်ခေါက်ဘုရားနှစ်ဆူ ဖူးမြော်နိုင်သည်။ မဟာဗန္ဓုလကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ ကျပ်သိန်း၇၂၀။

ဆက်သွယ်ရန်-ဖုန်း-၀၉-၇၃၀၀၉၉၈၁။

Taxi ငှားမည်

၁။ တိုယိုတာ စပရင်တာ ဆလွန်း(ခါတ်ဆီ)
၂။ အလုံလမ်းမတန်း၊ ၁၇½ပေ× ပေ၅၀တိုက်ခန်း(ရောင်း)

ဖုန်း-၀၉-၇၃၀၉၀၅၈၃။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၀

မဆုမြတ်မွန် **နှင့်** ကိုဝင်းဇော်အေး
တရားလို **တရားပြိုင်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေသဇင်၂လမ်း၊ အမှတ်၄၀၉နေ ဦးဝင်းဇော်အေး သိစေရမည်။

တရားလိုက လင်မယားကွာရှင်းပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် မေ ၁၃ ရက်(၁၃၇၃ခုနှစ် ကဆုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် ဧပြီ ၂၉ ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **သန်းထိုက်စိုး**

ဒုတိယမြို့နယ်တရားသူကြီး(၂)
တောင်ဥက္ကလာပမြို့နယ်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သန်လျင်မြို့နယ်တရားရုံးတော်၌
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်အိလှိုင်ဝင်း **နှင့်** ၁။ ဦးသူရဇော်
၂။ ဒေါ်သင်းသင်းရွှေ
တရားလို **တရားပြိုင်များ**

ဦးသူရဇော်နှင့်အတူနေ ဒေါ်သင်းသင်းရွှေ အမှတ် ၁၂၊ သစ်တော ၂ လမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ယခင်လိပ်စာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်အိလှိုင်ဝင်းက ချေးငွေကျပ် ၂၅၀၀၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ)နှင့် နစ်နာကြေးငွေကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်းတိတိ) စုစုပေါင်းငွေကျပ် ၃၀၀၀၀၀၀ (ကျပ်သိန်း သုံးဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် မေ ၁၂ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **ခင်ဝင်းလှိုင်(တ/၂၅၆၁)**

တွဲဖက်မြို့နယ်တရားသူကြီး-၂
သန်လျင်မြို့နယ်တရားရုံး။

၁၀ ဘီးမြေသယ်ယာဉ်ရောင်းမည်

၅ခ/ ၃ထောင်ကျော် Isuzu+ 8DC 9 အင်ဂျင်၊ ၅ခ/ ၄ထောင်ကျော် Isuzu+ 8DC 9 အင်ဂျင်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၁၇၆၇၈။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် (၃၄၃)ကို မူလအမည်ပေါက်ဒေါ်နော်လယ်ဖော(ခ) နော်လိုဖောကိုယ်စား ဒေါ်ကြည်ကြည်ဝင်းက မြေပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် မြေချပါမစ်(အိမ်ရာဆောက်လုပ်ခွင့်၊မှီခိုသူစာရင်း)ထုတ်ပေးပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ(၅+၉)
မြောက်ဥက္ကလာပမြို့နယ်။

ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် အက်ဖ်၊ ဦးပိုင်အမှတ် ၂၅၊ ၅၆လမ်း၊ မနော်ဟရီလမ်းမြောက်ဘက်၊ဦးကျော်ဆန်းအမည်ပေါက် မြေကွက်အား ဦးကျော်ဆန်း ၉/ပသက(နိုင်) ၀၄၉၀၄၀က အမှုတွဲအမှတ် ၁၇၁၅/၂၀၁၀-၂၀၁၁ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ။

ချိန်ခါမရွေး
သတိပေး
မီးဘေး
ကင်းဝေးမှာ

သာသနာ့နုဂ္ဂဟအသင်းသို့ အလှူငွေ ပေးအပ်

ရန်ကုန် မေ ၄

ပန်းဘဲတန်းမြို့နယ် သာသနာ့နုဂ္ဂဟအသင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၉ ရက်က မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းငွေ ကျပ်နှစ်သိန်းကို မြို့နယ်သာသနာ့နုဂ္ဂဟအသင်းသို့ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေကူမြို့နယ်၌ ဓာတ်မှန်ခန်းနှင့် ဓာတ်မှန်စက်ပေးအပ်လှူဒါန်း

ရွှေကူ မေ ၄

ကချင်ပြည်နယ် ရွှေကူမြို့နယ် ဘိုကုန်းတိုက်နယ်ဆေးရုံတွင် ကျေးလက်နေပြည်သူများ ပူးပေါင်းထည့်ဝင်လှူဒါန်းသော ဓာတ်မှန်ခန်းအဆောက်အအုံသစ်နှင့် ဓာတ်မှန်စက်၊ အီးစီဂျီနှလုံးစမ်းသပ်စက်၊ အောက်ဆီဂျင်စက်လှူဒါန်းပွဲကို ဧပြီ ၁၀ ရက် နံနက် ၇ နာရီက အဆိုပါဘိုကုန်းတိုက်နယ်ဆေးရုံ၌ ကျင်းပသည်။ (ဝဲပုံ)

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် တိုက်နယ်ဆရာဝန် ဒေါက်တာ ထက်အောင်က ဓာတ်မှန်ခန်းအဆောက်အအုံ၊ ဓာတ်မှန်စက်နှင့် ပတ်သက်သော အချက်အလက်များကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရဇော်ထံ လွှဲပြောင်း ပေးအပ်သည်။ အဆိုပါလှူဒါန်းပွဲတွင် ကျေးလက်နေ မိဘပြည်သူများ ထည့်ဝင်လှူဒါန်းငွေမှာ ငွေကျပ် ၂၈၇ သိန်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဗန်းမော်-နမ့်ခမ်းလမ်း လမ်းပေါက်ဖာထေးပြုပြင်ခြင်းကို ဧပြီ ၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အုန်းနှင့် အမှုဆောင်အရာရှိ ဦးမိုးလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

တောင်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ *

သဘာဝနည်းဖြင့် သည်းခြေကျောက်ကို ဖယ်ရှားနိုင်ပြီ

ရန်ကုန် မေ ၄

သည်းခြေ၌ ကျောက်တည်သောရောဂါလက္ခဏာတစ်ခုမှာ အစာများများစားပြီးနောက် ဝမ်းဗိုက်ပြည့်အင့်ဖောင်းကားလာကာ အစာမကြေသလို ခံစားရမည်။ ရောဂါပြင်းထန်ပါက အသည်းတစ်ဝိုက်တွင် နာကျင်မှုကို ခံစားရမည်ဖြစ်ကြောင်း သိရသည်။

ပုံမှန်စားသုံး

သဘာဝနည်းဖြင့် သည်းခြေကျောက်ဖယ်ရှားနည်းမှာ ပထမ ငါးရက်တွင် နေ့စဉ် ပန်းသီးဖျော်ရည် (Apple Juice) လေးခွက် သောက်ပါ။ သို့မဟုတ် ပန်းသီး **(ဝဲပုံ)** *လေး၊ ငါးလုံး စားပါ။ (ပန်းသီးဖျော်ရည် သို့မဟုတ် ပန်းသီး၊ မိမိနှစ်သက်ရာ စားသောက်နိုင်သည်) ပန်းသီးဖျော်ရည်သည် သည်းခြေကျောက်ကိုပျော့စေနိုင်သည်။ ထိုငါးရက်အတွင်း အစားအစာကိုလည်း ပုံမှန်စားသုံးရန်ဖြစ်သည်။*

ခြောက်ရက်မြောက်နေ့တွင် ညစာမစားဘဲ ထိုနေ့ ညနေ ၆ နာရီတွင်မှ ဆားခါးတစ်ဇွန်းကို ရေနွေးတစ်ဖန်ခွက်နှင့်သောက်ပါ။ ည ၈ နာရီတွင် ဆားခါးတစ်ဇွန်း ထပ်သောက်ပါ။ ဆားခါးသည် သည်းခြေအိတ်ပြွန်များကို ပွင့်စေပါသည်။

ဆေးဖက်ဝင်

ည ၁၀ နာရီတွင် သံလွင်ဆီ သို့မဟုတ် နှမ်းဆီ ပန်းကန်လုံးတစ်ဝက်ကို လတ်ဆတ်သော သံပရာရည်ဖြင့်ရော၍သောက်ပါ။ သေချာစွာရောမွှေပြီးမှသောက်ပါ။ ဆီသည် သည်းခြေကျောက်များကို ချောမွေ့စွာ ထွက်နိုင်စေသည်။ နောက်တစ်နေ့ ဝမ်းသွားသောအခါတွင် ဝမ်းထဲ၌ အစိမ်းရောင်ကျောက်တုံးကလေးများကို တွေ့ရမည်။ ပန်းသီးသည် ဆေးဖက်ဝင် သဘာဝဓာတ်စာဖြစ်ပြီး ဘေးထွက်ဆိုးကျိုးများကိုလည်း မဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ချိန်ခါမဲ့မိုး ရွာသွန်းဖြိုး

ရန်ကုန် မေ ၄

ယနေ့ကမ္ဘာကြီး၌ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် အချိန်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိရာ ဆောင်းတွင်းကာလ၌ အပူချိန်မြင့်မားခြင်း၊ မိုးကာလ၌ မိုးမရွာခြင်း၊ နွေကာလ၌ မိုးရွာခြင်း၊ မြူနှင်းများကျဆင်းခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး မြန်မာနိုင်ငံဒေသအနှံ့အပြား၌လည်း ပုံမှန်မဟုတ်သော ရာသီဥတုဖောက်ပြန်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

စာမျက်နှာ ၄ ကော်လံ ၆ ❐

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

အောင်ရှင်း၏ ''မြောင်လိမ်ပြန့်ပြီ BBC'' ဆောင်းပါးကို စာမျက်နှာ (၉) တွင် ဖတ်ရှုနိုင်ပါသည်။